ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-1-2015) (၈၀၉၂)

**အကျိုးစီးပွားတိုးအောင်အားထုတ်**

သူတစ်ပါး၏ များစွာသောအကျိုးစီးပွားအတွက်ကြောင့် မိမိ၏ အကျိုးစီးပွားကို မဆုတ်ယုတ်စေရာ၊ မိမိ၏ အကျိုးစီးပွားကို ကောင်းစွာသိ၍ မိမိ၏အကျိုးစီးပွားကို တိုးပွားအောင် လေ့ကျင့်အားထုတ်ရာ၏။

ဓမ္မပဒ(၁၆၆)

# အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ပေးနိုင်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သည့်သဝဏ်လွှာနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**သတင်းထုတ်ပြန်ချက် ( ၂/၂၀၁၅ )**

**၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်**
**၁၃၇၆ ခု၊ တပို့တွဲလဆန်း ၁ ရက်**

**အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ပေးနိုင်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သည့်သဝဏ်လွှာနှင့်စပ်လျဉ်း၍ အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း**

၁။ အမျိုးသားပညာရေးဥပဒေကို ၃၀-၉-၂၀၁၄ ရက်တွင် ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၁ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

၂။ အတည်ပြုပြဋ္ဌာန်းပြီးသော အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပညာရေးဝန်ကြီးဌာနနှင့် ပညာရှင်များ၏ ဆွေးနွေးညှိနှိုင်းချက်များအရ ပြန်လည်သုံးသပ် ပြင်ဆင်ပေးနိုင်ရေး ၁၉-၁-၂၀၁၅ ရက်တွင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့ခဲ့ပါသည်။ ပေးပို့ခဲ့သည့် သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

*"၁။ အေးချမ်းစွာပညာသင်ကြားရေးနှင့် အမျိုးသားပညာရေးအဆင့် မြင့်မားတိုးတက်ရေး ဦးတည်လျက် ဤသဝဏ်လွှာအား ပေးပို့အပ်ပါသည်။*

*၂။ ပြည်ထောင်စုအစိုးရသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် များစွာအရေးကြီးသည့် ပညာရေးကဏ္ဍအား နိုင်ငံတကာအဆင့်မီ ပြုပြင်ပြောင်းလဲတိုးတက်လာစေရန် အောက်ဖော်ပြပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်-*

*(က) ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်မှု (Comprehensive Education Sector Review- CESR) ကို နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်း ၉ ဖွဲ့၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လမှစတင်၍ အဆင့်(၁) အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ အဆင့်(၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်း၊ အဆင့်(၃) ပညာရေးကဏ္ဍစီမံကိန်း ရေးဆွဲတင်ပြခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆင့်(၃)ကို ဆက်လက်ပူးပေါင်းဆောင်ရွက်နေဆဲဖြစ်ပါသည်။*

*(ခ) ၇-၁၀-၂၀၁၃ ရက်တွင် ကျင်းပခဲ့သည့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲရေး ဆွေးနွေးပွဲမှအစပြု၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှုအပေါ် အကြံပြုထောက်ခံချက်များနှင့်အညီ အမျိုးသားပညာရေးမူဝါဒနှင့် အမျိုးသားပညာရေးဥပဒေ(မူကြမ်း) ရေးဆွဲမှုကို ၁၈-၁၀-၂၀၁၃ ရက်တွင် စတင်ပြီး*

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ရောက်ရှိ

**နယူးဒေလီ ဇန်နဝါရီ ၂၀**

ချစ်ကြည်ရေးခရီးစဉ်အဖြစ် အိန္ဒိယနိုင်ငံ ဂါယာမြို့တွင်ရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီတွင် မဟာဗောဓိစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး စေတီတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်၊ စေတီတော်အထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် စကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ဆွမ်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတအား မဟာဗောဓိစေတီတော် စီမံအုပ်ချုပ်ရေးကော်မတီ တာဝန်ရှိသူများက မဟာဗောဓိရွှေကြာသက်န်းအမှတ်တရ လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မဟာဗောဓိစေတီတော် စီမံအုပ်ချုပ်မှုကော်မတီရုံးတွင် အလှူငွေများပေးအပ်လှူဒါန်းရာ မဟာဗောဓိစေတီတော် ကျောင်းထိုင်ဆရာတော်က လက်ခံသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုတော်မှတ်တမ်းဖြစ်သည့် မင်းတုန်းမင်းကျောက်စာတိုက်သို့ ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာရှိ ကမ္ဘောဇရှမ်းကျောင်းသို့ ရောက်ရှိပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဂယာမြန်မာဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး မြန်မာဘုန်းတော်ကြီးများ၊ စာသင်သားရဟန်းသံဃာတော်များနှင့် သီလရှင်များအတွက် လှူဖွယ်ဝတ္ထုပစ္စည်းများပေးအပ်လှူဒါန်းပြီး

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ အသည်းနှင့် သည်းခြေဆိုင်ရာသိပ္ပံတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)



## ပြည်တွင်းရေးရာ

**☆ ဒုတိယသမ္မတမှ**

ဗုဒ္ဓဂယာမြန်မာဘုန်းတော်ကြီးကျောင်းဆရာတော်အမှူးပြုသည့် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် ဂါယာမြို့ PRIMARY HEALTH CENTRE သို့ရောက်ရှိပြီး စင်တာအတွင်းဆေးကုသမှုခံယူနေကြသူများအား တွေ့ဆုံအားပေးကာ စင်တာအသစ်တည်ဆောက်နေမှုအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဂါယာမြို့မှ နယူးဒေလီမြို့ ပါလမ်လေတပ်စခန်းလေဆိပ်သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် အိုဘရွိုင်းဟိုတယ်သို့ ရောက်ရှိကြသည်။

ညနေပိုင်းတွင် အသည်းနှင့် သည်းခြေဆိုင်ရာသိပ္ပံတက္ကသိုလ်သို့ ရောက်ရှိရာ အသည်းနှင့် သည်းခြေဆိုင်ရာ သိပ္ပံတက္ကသိုလ်မှ ဒါရိုက်တာက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အသည်းနှင့် သည်းခြေဆိုင်ရာ သိပ္ပံတက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ စကျင်ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတိုင်များ ဆက်ကပ်လှူဒါန်းကြစဉ်။**

(သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

*၅ လတာအချိန်ယူ၍ ပြည်တွင်း ပြည်ပ ပညာရှင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ဆရာနှင့် ကျောင်းသားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ၊ Stakeholder များနှင့် ၉၉ ကြိမ်တိုင် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးဥပဒေ(မူကြမ်း)ကို ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။*

*(ဂ) ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေးဥပဒေအား ၃၀-၉-၂၀၁၄ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ရာ ဥပဒေပါပြဋ္ဌာန်းချက်များ၏ ၄၆ % မှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ တင်ပြချက်များဖြစ်ပြီး ၅၄% မှာ ပညာရေးဝန်ကြီးဌာနက တင်ပြချက်များဖြစ်သည်ကို တွေ့ရပါသည်။ ဥပဒေကြမ်းအား လက်မှတ်ရေးထိုးနိုင်ရေး နိုင်ငံတော်သမ္မတထံသို့ ပေးပို့ခဲ့ရာ နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက် ၂၅ ချက်ဖြင့် ပြင်ဆင်ရန် ပေးပို့ခဲ့သည့်အနက် ပြည်ထောင်စုလွှတ်တော်က ၁၉ ချက်ကို လက်ခံပြင်ဆင်ပေးခဲ့ပြီး ကျန်အချက်များအား မူလဆုံးဖြတ်ချက်အတိုင်း ထားရှိ၍ အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။*

*၃။ အတည်ပြုပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် ဆက်စပ်ဥပဒေများကို မူကြမ်းရေးဆွဲလျက် ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ဆောင်ရွက်ဆဲဖြစ်ပါသည်။*

*၄။ ထိုသို့ ဆောင်ရွက်ဆဲကာလတွင် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို အကြောင်းပြု၍ ပြင်ဆင်ပေးရန် အောက်ပါတောင်းဆိုမှုများ ရှိလာခဲ့ပါသည်-*

*(က) ဗဟိုချုပ်ကိုင်မှု လျှော့ချပေးရန် အမျိုးသားပညာရေးကော်မရှင် မလိုအပ်ကြောင်း တောင်းဆိုမှုနှင့် အလားတူ အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ မလိုအပ်ကြောင်း တောင်းဆိုမှု၊*

*(ခ) ဆရာအဖွဲ့အစည်းများ၊ ကျောင်းသားအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းပေးရန် တောင်းဆိုမှု၊*

*(ဂ) လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education) ကို အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းပေးရန် တောင်းဆိုမှု၊*

*(ဃ) တိုင်းရင်းသားစာပေယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်းဆိုမှု။*

*၅။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇၊ ပုဒ်မခွဲ(က)အရ ပညာရေးဝန်ကြီးဌာနသည် ပြဋ္ဌာန်းပြီးဖြစ်သည့် အမျိုးသားပညာရေးဥပဒေနှင့် သက်ဆိုင်သော နည်းဥပဒေများနှင့် ဆက်စပ်ဥပဒေများကို ဆက်လက်ရေးဆွဲရမည်ဖြစ်ပါသည်။ မကြာမီက ပြဋ္ဌာန်းခဲ့ပြီး လက်တွေ့မကျင့်သုံးရသေးသည့်ဥပဒေကို ပြန်လည်ပြင်ဆင်ရန် တောင်းဆိုမှုနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်သည့် ဥပဒေမူဘောင်အတိုင်းအတာအတွင်း မရှိသည့်အတွက် ဥပဒေပြုရေးအပိုင်းက ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ပါသည်။*

*၆။ ပညာရေးဝန်ကြီးဌာနသည် ပညာရှင်များ၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်မှုအဖွဲ့များနှင့် အမျိုးသားပညာရေးဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ ရေးဆွဲရေးအတွက် ညှိနှိုင်းဆွေးနွေး ဆောင်ရွက်နေစဉ် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို အကြောင်းပြု၍ ပြင်ဆင်ပေးရန် တောင်းဆိုလာမှုသည် ဆက်လက်ညှိနှိုင်းရေးဆွဲမည့် နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများအတွက် သက်ဆိုင်သည့်အဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းရန် အခက်အခဲများ တွေ့ရှိရပါသည်။ နည်းဥပဒေများနှင့် ဆက်စပ်ဥပဒေများသည် ကျယ်ပြန့်ပြီး ပြဋ္ဌာန်းပြီးသည့် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များထက် ကျော်လွန်ရေးဆွဲရန် မဖြစ်နိုင်ပါ။ အချို့တောင်းဆိုမှုများသည် နည်းဥပဒေများနှင့် ဆက်စပ်ဥပဒေများတွင် ထည့်သွင်းရေးဆွဲထားပြီး အချို့တောင်းဆိုမှုများသည် အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များထက် ကျော်လွန်နေသဖြင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအပိုင်းက ဆွေးနွေးညှိနှိုင်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန် လိုအပ်ပါသည်။*

*၇။ အထက်ပါ တောင်းဆိုချက်များအနက် နည်းဥပဒေများနှင့် ဆက်စပ်ဥပဒေများတွင် ဆက်လက်ထည့်သွင်းဖော်ပြသွားမည့်အချက်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနနှင့် ပညာရှင်များက ညှိနှိုင်းတင်ပြလာခဲ့ပါသည်-*

*(က) ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနအဖွဲ့အစည်းများက ပြုစုရေးဆွဲဆွေးနွေးလျက်ရှိသော နည်းဥပဒေများ(မူကြမ်း)တွင် ဆရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ကျောင်းသားအဖွဲ့အစည်းများကို လွတ်လပ်စွာ စည်းကမ်းတကျ ဒီမိုကရေစီနည်းလမ်းနှင့်အညီ ဖွဲ့စည်းနိုင်ရေး ထည့်သွင်းဖော်ပြထားပါသည်။*

*(ခ) တိုင်းရင်းသားစာပေနှင့် ဘာသာစကား သင်ကြားသင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြဋ္ဌာန်းချက်များကို အမျိုးသားပညာရေးဥပဒေတွင် အတိအလင်းဖော်ပြပြီးဖြစ်ပါသည်။ နည်းဥပဒေများတွင် အသေးစိတ်ပြဋ္ဌာန်းသွားမည်ဖြစ်ပါသည်။*

*(ဂ) အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု ပြဋ္ဌာန်းချက်များကို အမျိုးသားပညာရေးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားပြီး အသေးစိတ်ကို နည်းဥပဒေများတွင် ဖော်ပြမည်ဖြစ်ပါသည်။*

*၈။ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကြမ်းတွင် လူတိုင်းအကျုံးဝင်ပညာရေးကို ပုဒ်မ ၂၊ ပုဒ်မခွဲ(ရ)၊ ပုဒ်မ ၁၆၊ ပုဒ်မ ၂၄ တို့တွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။ ပြည်ထောင်စုလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းသော အမျိုးသားပညာရေးဥပဒေတွင် ပါဝင်ခြင်းမရှိသည့်အတွက် ပြန်လည်စဉ်းစား သုံးသပ်သင့်ပါသည်။*

*၉။ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကြမ်းတွင် ပညာရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပုဒ်မ ၆၀ နှင့် ပုဒ်မ ၆၁ တို့တွင် ရေးသားဖော်ပြချက်များနှင့် မတူညီသည့် အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းမှု ရေးသားဖော်ပြချက်နှင့်စပ်လျဉ်း၍ ဗဟိုချုပ်ကိုင်မှုလျှော့ချပေးရန် တောင်းဆိုမှုဖြစ်ပေါ်လာခြင်းအပေါ်တွင်လည်း အဓိကနှင့်သာမည ခွဲခြားစဉ်းစားသုံးသပ်ရမည်ဖြစ်ပါသည်။ အမျိုးသားပညာရေး၏ အဓိကရည်မှန်းချက်သည် အမျိုးသားပညာရေး အဆင့်မြင့်မားတိုးတက်လာရေးဖြစ်ပြီး စီမံခန့်ခွဲမှုအပိုင်းသည် အမျိုးသားပညာရေး အဆင့်မြင့်မားတိုးတက်လာစေရေးအတွက် အထောက်အကူပြုသည့် အချက်ဖြစ်ပါသည်။ ဥပဒေအရ အဆင့်မြင့်ပညာသင် တက္ကသိုလ်ကောလိပ်များအား လွတ်လပ်စွာ စီမံခန့်ခွဲရေးစနစ် ကျင့်သုံးခွင့်ပြုပြီးဖြစ်ပါသည်။ လက်ရှိအခြေအနေတွင်လည်း ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအောက်ရှိ တက္ကသိုလ်ကောလိပ်များ၏ အစီအစဉ်ဖြင့် သင်ကြားသင်ယူမှုနှင့် လွတ်လပ်စွာ စီမံခန့်ခွဲရေးပြုလုပ်နေသည့်အလျောက် ကော်မရှင်၊ ကော်မတီဖွဲ့စည်းခြင်း သို့မဟုတ် မဖွဲ့စည်းခြင်းထက် အသွင်ကူးပြောင်းရေးကာလတွင် တက္ကသိုလ်ကောလိပ်များ အဆင်ပြေချောမွေ့စွာ ရပ်တည်ရေးနှင့် ပညာရည်မြင့်မားတိုးတက်ရေးတို့အတွက် အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှုတို့သည် အရေးကြီးပါသည်။ အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှုတို့အတွက် လွတ်လပ်သည့် အဖွဲ့အစည်းတစ်ရပ်အား သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး ပညာရည်တိုးတက်ရေးအတွက်ပံ့ပိုးသောကော်မရှင်၊ ကော်မတီတို့၏ တာဝန်အချို့ကို ပေးအပ်သည့် နည်းလမ်းကိုလည်း စဉ်းစားသင့်ပါသည်။*

*၁၀။ ပြည်ထောင်စုအစိုးရအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပညာရှင်များက ဆွေးနွေးညှိနှိုင်းတင်ပြလာချက်များအပေါ် ပြန်လည်လေ့လာသုံးသပ်ခဲ့ရာ အထက်ဖော်ပြပါ တင်ပြချက်များအား ပြင်ဆင်ပေးခြင်းဖြင့် အမျိုးသားပညာရေးအဆင့်အတန်း မြင့်မားတိုးတက်ရေးဦးတည်ချက်အား မထိခိုက်စေသည့်အပြင် အေးချမ်းစွာ ပညာသင်ကြားရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ပါသဖြင့် ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ်ပြင်ဆင်ပေးနိုင်ပါရန် သဝဏ်လွှာပေးပို့အပ်ပါသည်။"*

၃။ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် ပြန်လည်သုံးသပ် ပြင်ဆင်ပေးနိုင်ရန် နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သည့်သဝဏ်လွှာနှင့်စပ်လျဉ်း၍ အများပြည်သူ သိရှိနိုင်ရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**မိုးလေဝသ အခြေအနေ**

**မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေး လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းပြောကြား



**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး H.E Mr. Roland Kobia နှင့် International IDEA၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Yves Leterme၊ Regional Director Ms.Leena Rikkila Tamang အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ Voter Educationနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းဖြစ်သော EU၊ IFEF၊ ES၊ IDEAတို့နှင့် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ အဆိုပါအဖွဲ့မှ Ms.Leena Rikkila Tamang နှင့် Ms.Ashley Pritchardတို့က EU အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ရေး ရွေးကောက်ပွဲကော်မရှင်နှင့် Stakeholder များပူးပေါင်းဆောင်ရွက်နိုင်ရေး၊ Voter Education ဆောင်ရွက်ရာတွင် Workshop များ၊ သင်တန်းများပြုလုပ်ခြင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အပြုသဘောဆောင် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံရေးပါတီများ၏ Capacity မြှင့်တင်ပေးခြင်း၊ လူမှုအဖွဲ့အစည်းများအနေဖြင့် အများပြည်သူ အသိပညာပေးခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် သင်တန်းများပေးခြင်း၊ ၎င်းတို့၏ Capacity အားမြှင့်တင်ပေးခြင်း၊ မီဒီယာများနှင့်ပတ်သက်၍ နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ လိုက်နာရေး၊ ရေးသားနိုင်ရေး၊ ဘက်လိုက်ခြင်းမရှိဘဲ သတင်းပေးနိုင်ရေး စသည့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား Powerpoint ဖြင့် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ပြီး EU သံအမတ်ကြီးက EU အနေဖြင့် ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ စေလွှတ်မည်ဖြစ်သဖြင့် ဖိတ်ကြားစာပေးပို့ပေးပါရန် ပြောကြားခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**

# အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လန်ဒန်အခြေစိုက် Allen & Overy Limited တို့ ပူးပေါင်း၍ "အနုညာတ စီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးက မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်လျက်ရှိရာ ယခုအလုပ်ရုံဆွေးနွေးပွဲသည် အခွင့်အခါကောင်းပင်ဖြစ်ပါကြောင်း၊ စီးပွားရေးပြောင်းလဲမှုနှင့်အညီ အပြည်ပြည်ဆိုင်ရာတွင် အသုံးပြုလျက်ရှိသော အငြင်းပွားမှုဖြေရှင်းခြင်း၊ နည်းလမ်းအသစ်များ လိုအပ်လာသည့်အတွက်ကြောင့် အစိုးရသည် UNCITRAL Arbitration Rules ကို နိုင်ငံခြားသားများပါဝင်သော စီးပွားရေးစာချုပ်စာတမ်းများတွင် အသုံးပြုရန်လမ်းညွှန်ချက်ထုတ်ပြန်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသည် အနုညာတစီရင်ဆုံးဖြတ်ခြင်းများအား အတည်ပြုနိုင်ရန်အတွက် နိုင်ငံတကာမှ လက်ခံကျင့်သုံးနေသည့် New York Convention ကို ၁၅-၇-၂၀၁၃ ရက်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေမူကြမ်းကိုလည်း အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီရေးဆွဲထားရှိပြီး လွှတ်တော်၌ ဆွေးနွေးဆောင်ရွက်လျက် ရှိပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲများမှာ ယခုဆိုလျှင် လေးကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲ၌ ပို့ချမည့်ဘာသာရပ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းကဏ္ဍတွင် လက်တွေ့အရေးပါသည့် အကြောင်းအရာများဖြစ်သဖြင့် မိမိတို့နိုင်ငံအတွက် အကျိုးများစွာဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ Allen & Overy Limited မှ မန်နေဂျင်းဒါရိုက်တာ Mr. Simon Makinson က အဖွင့်အမှာစကားပြောကြားရာတွင် စီးပွားရေးလုပ်ငန်းနယ်ပယ်များတွင် ပြဿနာများပေါ်ပေါက်လာပါက မည်သို့ဖြေရှင်းဆောင်ရွက်ရမည်ကို သိရှိလေ့လာနိုင်ရန်ရည်ရွယ်ပြီး ယခုဆွေးနွေးပွဲတွင် အင်္ဂလန်နိုင်ငံနှင့် နိုင်ငံတကာမှကျွမ်းကျင်သူ ဥပဒေပညာရှင်များ ဆွေးနွေးပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနှင့် UK သည် Common Law System ကျင့်သုံးပုံချင်း တူညီသည့်အတွက် မြန်မာ့ဥပဒေများ၊ စီးပွားရေးဆိုင်ရာ ဥပဒေများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်ခြင်းသည် မြန်မာနိုင်ငံနှင့် ပြည်သူများ၏အကျိုးဖြစ်ထွန်းမှုကို အထောက်အကူဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အမှတ်တရစုပေါင်း၍ ဓာတ်ပုံရိုက်ကြပြီး ဆွေးနွေးပွဲသို့ ဒုတိယရှေ့နေချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးဌာနများမှ သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဥပဒေပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် အစီအစဉ်များအတိုင်း အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ New York Convention ရေးဆွဲပြဋ္ဌာန်းခဲ့သည့် နောက်ခံသမိုင်းကြောင်း၊ အနုညာတ စီရင်ဆုံးဖြတ်ခြင်း စာပိုဒ်များပြုစုရေးဆွဲခြင်း၊ အငြင်းပွားမှုတစ်ရပ်အတွက် ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်ပုံများအကြောင်း၊ ရင်းနှီးမြှုပ်နှံမှုစာချုပ်များနှင့် စပ်လျဉ်းသော အကြောင်းအရာများ စသည့် ခေါင်းစဉ်များဖြင့် နှစ်ရက်ကြာ ဆွေးနွေးပွဲကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆောက်အအုံနှင့် လမ်းတံတားဆိုင်ရာဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ Ministry of Land, Infrastructure,Transport and Tourism(MUT) တို့၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး ဒုတိယအကြိမ်ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က လမ်း၊ တံတား၊ အဆောက်အအုံ စံချိန်စံညွှန်းများနှင့် အရည်အသွေး ကြာရှည်စွာ ထိန်းသိမ်းရန်အတွက် နည်းပညာများသည် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ယနေ့ဆွေးနွေးပွဲမှ လမ်း၊ တံတား၊ အဆောက်အအုံ၊ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများအတွက် နှစ်နိုင်ငံအတွေ့အကြုံများနှင့် နည်းပညာများဖလှယ်ပြီး နည်းပညာသစ်များရရှိကာ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံစီမံကိန်းများလုပ်ကိုင်ရာတွင် အမှန်တကယ်အကျိုးကျေးဇူးများ ရရှိစေမည်ဟု မျှော်လင့်ပါကြောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင်လည်း ဂျပန်နိုင်ငံ(MUT)မှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ အကူအညီများ ပေးအပ်လျက်ရှိပါကြောင်း ဆွေးနွေးပြောကြားပြီး ဂျပန်နိုင်ငံ(MUT)မှ Vice-Minister,H.E.Dr.Hideo TOKUYAMA ကလည်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဂျပန်-မြန်မာတာဝန်ရှိသူများက အဆောက်အအုံ၊ လမ်း၊ တံတားဆိုင်ရာစာတမ်းများကို ဖတ်ကြားဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# အထူးမိုးပွင့်စီမံချက် ဗဟန်းတွင်ဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီခွဲအထိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံးဝန်ထမ်းများက အထူးမိုးပွင့်စီမံချက်ဖြင့် ရပ်ကွက်နေပြည်သူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သန္တာမေ)**

# ပြောင်းလဲလာသောရာသီဥတုအခြေအနေကြောင့် စိုက်ပျိုးရေးပညာရှင်များနှင့် ဆွေးနွေးလုပ်ဆောင်ပါမှ ဆုံးရှုံးမှုမှသက်သာနိုင်

**ရန်ကုန် ဇန်နဝါရီ ၂၀**

ယခုအခါပြောင်းလဲလာလျက်ရှိသော ရာသီဥတုအခြေအနေများကြောင့် စိုက်ပျိုးရေးပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်လုပ်ဆောင်ခြင်းဖြင့် ပျက်စီးဆုံးရှုံးမှုများမှ လျော့ပါးသက်သာစေမည်ဟု မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

"အခုလို အချိန်ခါမဲ့ မိုးရွာသွန်းတာတွေက ဒီနှစ်မှထူးခြားပြီး ဖြစ်တာမျိုးမဟုတ်ဘူး၊ ဖြစ်လာတာကြာပြီဆိုတော့ ရာသီဥတုဖောက်ပြန်တယ်လို့ ခေါ်ဖို့ထက် ရာသီဥတုပြောင်းလဲလာပြီလို့ ပြောနိုင်တယ်၊ ဒီလိုပြောင်းလဲလာတဲ့ ရာသီဥတုနဲ့ ကိုက်ညီတဲ့ ဘယ်လိုသီးနှံတွေစိုက်မယ်၊ စိုက်ပျိုးရက်က ဘယ်လောက်ပဲရှိတဲ့ သီးနှံမျိုးကို ရွေးရမယ်ဆိုတာက တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးပညာရှင်တွေနဲ့ ဆွေးနွေးတိုင်ပင်ပြီး လုပ်ဆောင်သွားရမှာဖြစ်ပါတယ်"ဟု ၎င်းက စာပေဟောပြောပွဲတစ်ခုတွင် ထုတ်ဖော်ပြောကြားသည်။

၁၉၇၈ ခုနှစ်နောက်ပိုင်းမှစတင်ကာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများရှိလာခဲ့ပြီး ၂၀၀၆ ခုနှစ်မှစကာ အချိန်ခါမဲ့ မိုးရွာသွန်းမှုများရှိလာကြောင်း၊ အချိန်ခါမဲ့မိုးများကြောင့် ရိတ်သိမ်းပြီးသော စပါး၊ ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေဖို့ စိုက်ပျိုးရမည့်ရက်အနေအထား၊ သီးနှံအမျိုးအစားကို ချိန်ဆရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ချင့်ချိန် တွက်ဆလုပ်ကိုင်ခြင်းတို့ဖြင့် ဆုံးရှုံးမှုများမှ လျော့နည်းသက်သာစေမည်ဟု ဆိုခဲ့ခြင်းဖြစ်သည်။ "ရိတ်သိမ်းပြီး စပါး၊ သီးနှံတွေကို အရင်လို တလင်းထဲမှာ ကြာကြာထားဖို့ စိတ်မချရတော့တဲ့အတွက် အမိုး၊ အကာအောက်ရောက်ဖို့ဆိုတာ စက်ပစ္စည်းကိရိယာတွေ သုံးစွဲရမယ်၊ စိုက်မယ့်ရက်ကာလကိုလည်း ရွေးရမယ်၊ ဥပမာ မိုးရေရမှ စိုက်ရမယ့် သီးနှံတချို့ကို ဒီအချိန်မှာ စိုက်နိုင်တယ်လေ၊ စိုက်တဲ့သီးနှံတွေဟာလည်း စိုက်ပျိုးရက်သက်တမ်းကာလတိုတောင်းတဲ့ဟာမျိုး ဖြစ်မှသာ ပျက်စီးဆုံးရှုံးမှု ကင်းဝေးစေပါလိမ့်မယ်" ဟု ၎င်းကပြောကြားခဲ့သည်။

ယခုရက်ပိုင်းအတွင်း ဆောင်းတွင်းကာလဖြစ်သော်လည်း မိုးရွာသွန်းမှုများကို မြန်မာနိုင်ငံအတွင်းရှိ ဒေသအချို့တွင် ကြုံတွေ့ရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင်လည်း ဇန်နဝါရီ ဒုတိယပတ်မှစတင်ကာ မြို့နယ်အချို့တွင် နေရာကွက်၍ မိုးရွာသွန်းမှုများ ရှိလာခဲ့ကြောင်း သိရသည်။

**ထက်ခိုင်(စမ်းချောင်း)**

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)**

- သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
- သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
- မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ် mmpresscouncil@gmail.com

## ပြည်တွင်းရေးရာ

**■ ကျောဖုံးမှ**

အစည်းအဝေးကာလ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ဇီဝလက်နက် ပိတ်ပင်တားဆီးရေးစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ရေး တင်ပြ အချက်အပေါ် လွှတ်တော်မှ အတည်ပြုချက်ရခဲ့သည်နှင့်အညီ ဂျီနီဗာမြို့တွင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်၌ ယင်းစာချုပ်လက်ခံထိန်းသိမ်းသည့် နိုင်ငံများ ဖြစ်သည့် အမေရိကန်၊ ဗြိတိန်နှင့် ရုရှားနိုင်ငံအစိုးရ ကိုယ်စားလှယ်များထံ အတည်ပြုစာချွန်လွှာများအား ပေးအပ်ခဲ့ပြီး အဆိုပါနေ့ရက်မှစပြီး မြန်မာနိုင်ငံ သည် ဇီဝလက်နက် တားဆီးပိတ်ပင်ရေးစာချုပ် စာချုပ်ဝင်နိုင်ငံဖြစ်လာပြီ ဆိုသည်ကိုလည်း ယခုကဲ့သို့ အခါအခွင့်ရရှိခိုက် တင်ပြအပ်ပါကြောင်း။

ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်၏ နိဒါန်းပိုင်း အာတီကယ် ၂၄ ခုနှင့် နောက်ဆက်တွဲ ၃ ခုပါဝင်ပါကြောင်း၊ ပထမနောက်ဆက်တွဲသည် ဓာတုဗေဒပစ္စည်းအမျိုးအမည်များဖြစ်ပြီး ဒုတိယနောက်ဆက်တွဲအနေဖြင့် ကြပ်မတ်စစ်ဆေးခြင်းဖြစ်ကာ တတိယနောက်ဆက်တွဲမှာ သတင်းလုံခြုံမှုဆိုင်ရာ ကိစ္စဖြစ်ပါကြောင်း။

စာချုပ်၏ အဓိကရည်ရွယ်ချက်သည် အဖွဲ့ဝင်နိုင်ငံများသည် အစုလိုက် အပြုံလိုက် သေကျေပျက်စီးစေသည့် လက်နက်များ လုံးဝချုပ်ငြိမ်းရေး အပါ အဝင် အထွေထွေနှင့် လုံးဝလက်နက်ဖျက်သိမ်းရေးကို ဦးတည်ဆောင်ရွက် သွားရန်ဖြစ်ပါကြောင်း၊ စာချုပ်ပါအချက်များအရ မည်သည့်အကြောင်းကြောင့် ဖြစ်စေ ဓာတုလက်နက်ကို တပ်ဆင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရယူခြင်း၊ စုပုံခြင်း (သို့မဟုတ်) သိုလှောင်ခြင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မည်သူ့ကို မဆို အားပေးကူညီခြင်း မပြုလုပ်ရန် တားမြစ်ထားပါကြောင်း၊ မိမိပိုင်ဆိုင်ရန် (သို့မဟုတ်) ပိုင်ဆိုင်ခွင့်ရှိသည့်၊ မိမိပိုင်နက်အတွင်း၌ရသည့် အခြားအဖွဲ့ဝင်နိုင်ငံ ၏ ပိုင်နက်အတွင်းရှိ မိမိစွန့်ပစ်ထားသည့် ဓာတုလက်နက်များ ထုတ်လုပ်နိုင်စွမ်း ရှိသည့် ပစ္စည်းများကို ဖျက်ဆီးပစ်ရန် တာဝန်ရှိပါကြောင်း၊ စစ်ပွဲအသွင်နှင့် အဓိကရုဏ်းနှိမ်နင်းရေး ဓာတုပစ္စည်းများကိုလည်း အသုံးမပြုရန်ဖြစ်ပါကြောင်း။

လက်ရှိတွင် စာချုပ်ကို နိုင်ငံပေါင်း (၁၉၀) က အဖွဲ့ဝင်အဖြစ် ပါဝင် လက်မှတ်ရေးထိုးထားပြီးဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးထားပြီး အတည်ပြု ပါဝင်ချုပ်ဆိုထားခြင်း မရှိသေးသည့် နိုင်ငံများမှာ အစ္စရေးနှင့် မြန်မာနိုင်ငံတို့ ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးထားခြင်း၊ အတည်ပြုပါဝင်ထားခြင်းမရှိသေး သည့် နိုင်ငံများမှာ အင်ဂိုလာ၊ အီဂျစ်၊ မြောက်ကိုရီးယားနှင့် တောင်ဆူဒန် နိုင်ငံများဖြစ်ပါကြောင်း၊ ယခုအချိန်အထိ ကမ္ဘာအနှံ့ကြေညာထားသည့် ဓာတု လက်နက်အမျိုးမျိုး မက်ထရစ်တန်ချိန်စုစုပေါင်း ၇၂၅၂၄ တန်၏ ၈၄ ဒသမ ၉၅ ရာခိုင်နှုန်းသော ဓာတုလက်နက်အမျိုးမျိုးကို ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်သော ကြောင့် ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အဖွဲ့အစည်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်အဖြစ် တွေ့နိုင်ပါ ကြောင်း။

ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်တွင် မြန်မာနိုင်ငံက အဖွဲ့ဝင် နိုင်ငံအဖြစ် ပါဝင်ခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အိမ်နီးချင်း နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအသိုက်အဝန်းတို့နှင့် ဓာတုလက်နက် ဘေးအန္တရာယ်မှ ကာကွယ်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ် သည်ကို ပြသရာရောက်စေပါကြောင်း၊ နည်းပညာ၊ အသိပညာ လိုအပ်ချက်ရှိ သည်ကလွဲ၍ ဓာတုလက်နက်ထုတ်လုပ်အသုံးပြုခြင်းမရှိသည့် မြန်မာနိုင်ငံ အနေဖြင့် စာချုပ်ပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရန် အခက်အခဲ မရှိဟု သုံးသပ်ရပါကြောင်း၊ တစ်ဆက်တည်းမှာပဲ နိုင်ငံတကာ အသိုက်အဝန်း နှင့် ယုံကြည်မှုပိုမိုတည်ဆောက်နိုင်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

စာချုပ်၏ ရည်ရွယ်ချက်မှာ ဓာတုလက်နက်များကို တားဆီးပိတ်ပင်ရန် ဖြစ်သည့်အပြင် ဓာတုလက်နက်ပစ္စည်းများကို သတ်မှတ်ချက်ဘောင်အတွင်း ငြိမ်းချမ်းစွာအသုံးပြုခြင်းကို အားပေးထားသည့်အတွက် ပါဝင်လက်မှတ်ရေးထိုး ခြင်းဖြင့် ဓာတုပစ္စည်းကုန်သွယ်မှုမှာ နိုင်ငံတကာစာချုပ်များ၊ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံအများနှင့် ယုံကြည်မှုပိုမိုတည်ဆောက်နိုင် မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာကုန်သွယ်မှုတွင်လည်း အပြုသဘော အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း။

ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ မြန်မာနိုင်ငံက ပါဝင်မည် ဆိုပါက အတည်ပြုဝင်ရောက်ခြင်း စာချွန်လွှာကို စာချုပ်ထိန်းသိမ်းသူ ကုလ သမဂ္ဂ အတွင်းရေးမှူးချုပ်ထံသို့ အပ်နှံရမည်ဖြစ်ပါကြောင်း၊ ထိုသို့ အပ်နှံပြီး ရက်ပေါင်း ၃၀ ပြည့်သည့်နေ့တွင် ယင်းစာချုပ်က မြန်မာနိုင်ငံအပေါ်တွင် အာဏာသက်ဝင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် စာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်လာမည်ဆိုပါက စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဓာတုစက်မှုလုပ်ငန်းများအား ကြပ်မတ်ထိန်းသိမ်း ရေးနှင့် စာချုပ်ဆိုင်ရာအဖွဲ့အစည်းနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်သွားရန်၊ ဓာတုပစ္စည်းများကို ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း၊ တင်သွင်းခြင်း စသည့် စီးပွား ရေးနှင့် ကုန်သွယ်ရေးကိစ္စများတွင် စာချုပ်ပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် နိုင်ရန်အတွက် တည်ဆဲ ပြည်တွင်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို စာချုပ်ပါ ပြဋ္ဌာန်းချက်များနှင့် လျော်ညီအောင် ရေးဆွဲရန်၊ စာချုပ်နှင့် မကိုက်ညီသည့် လုပ်ဆောင်ချက်များကို ဥပဒေနှင့် တားမြစ်ပိတ်ပင်ရန် ဆောင်ရွက်ရမည်ဖြစ်ပါ ကြောင်း၊ စာချုပ်ပါဓာတုဗေဒအမျိုးအစားခွဲခြားမှုပေါ်မူတည်ပြီး ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာအဖွဲ့အစည်းသို့ သက်ဆိုင်ရာဓာတုပစ္စည်း များနှင့်ပတ်သက်ပြီး နှစ်စဉ်ကြေညာခြင်း၊ အစီရင်ခံစာပေးပို့ခြင်း၊ စက်ရုံနှင့် စက်မှုလုပ်ငန်းများ၏ နည်းပညာဆိုင်ရာ လျှို့ဝှက်သတင်းအချက်အလက်များ လုံခြုံရေးအတွက်လည်း OPCW အဖွဲ့အစည်းနှင့်အတူ စာချုပ်အရ ဆောင်ရွက် ခြင်းတို့ကို ပြုလုပ်သွားရန်ရှိပါကြောင်း။

ဓာတုလက်နက်တားဆီးပိတ်ပင်ရေးစာချုပ်သို့ ဝင်ရောက်ခြင်းသည် မြန်မာနိုင်ငံအတွက် အဘက်ဘက်က အကျိုးရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ၏ ဓာတုစက်မှု လုပ်ငန်းများ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံတကာ အသိုက်အဝန်းက လေးစားထိုက်ပြီး နိုင်ငံတကာငြိမ်းချမ်းရေးအတွက် တာဝန်သိသိရပ်တည်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်လည်း ပိုမိုရပ်တည်သွား နိုင်မည်ဖြစ်ပါကြောင်း၊ သို့ပါသောကြောင့် မြန်မာနိုင်ငံအနေဖြင့် ဓာတုလက်နက် တားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုဝင်ရောက်သင့်ပါကြောင်းဖြင့် ရှင်းလင်း သည်။

ဆက်လက်၍ အဆိုပါသဘောတူစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြု ဝင်ရောက်နိုင်ရေးနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူအတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

# ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၀**

ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Lake Garden Hotel ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပထမအကြိမ် ကုန်သွယ်မှုမူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ နည်းပညာ အကူအညီနှင့် ကျွမ်းကျင်မှုအကူအညီ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ကျွမ်းကျင်မှု အကူအညီနှင့် သက်ဆိုင်ရာဝန်ကြီး ဌာနများမှ ကျွမ်းကျင်သူများဖြင့် ၂၀၁၄ ခုနှစ် မတ်လတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများက မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ၌ တက်ကြွစွာပါဝင် လာခဲ့ပြီး အသိအမှတ်ပြုလာကြ ကြောင်း ပြောကြားသည်။

ထို့နောက် TPRB Division မှ Director Mr.Willy Alfaro နှင့် ဥရောပသမဂ္ဂ (EU) မှ Mr.Alberto Menghini Alberto Menghini (Programme Manager-Trade And Private Sector,Delegation of the European Union to Myanmar) တို့က နှုတ်ခွန်းဆက် စကား ပြောကြားကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်း ၂၂ ခု အောက်ရှိ ဦးစီးဌာန ၅၀ တို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အရာထမ်း ၇၀ တို့ပါဝင်ဆွေးနွေးကြရာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ဆက်စပ်သောဌာနများမှ မူဝါဒ များကို ပွင့်လင်းမြင်သာမှုရှိစေရန် အတွက် ဆောင်ရွက်သင့်သည့် အချက်များ၊ ကုန်သွယ်မှုမူဝါဒဆန်းစစ် ခြင်းလုပ်ငန်းကို ဆောင်ရွက်ပြီး နောက်ပိုင်း ဖြစ်ပေါ်တိုးတက်မှုများ၊ ပြည်ပအဖွဲ့အစည်းများမှ အကူအညီ အထောက်အပံ့ရယူရန် လိုအပ်ချက် များကို ဖော်ထုတ်သိရှိခဲ့ရသည့်အပြင် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက် ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန များသည်လည်း နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်း ဆက်သွယ်ဆောင်ရွက်နေမှုများကို ဖော်ထုတ်နိုင်ခဲ့ကြောင်းနှင့် ဆွေးနွေး ပွဲကို ဇန်နဝါရီ ၂၁ ရက်အထိကျင်းပ သွားမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

**(ကြေးမုံ)**

**●နိုင်ငံတကာဘောလုံးမှ**

ရှိခဲ့သည်။ IFFHS အဖွဲ့အနေဖြင့် အဆင့်သတ်မှတ်ရာတွင်သွင်းဂိုးအရေ အတွက် တူညီနေပါက လက်ရွေးစင် သွင်းဂိုးများသည့် ကစားသမားများကို ဦးစားပေးကြောင်း သိရသည်။ ထိပ်ဆုံး ၁၀ ဦးတွင် ပေါ်တူဂီအသင်း ခေါင်းဆောင် စီရိုနယ်ဒို(ရီးယဲလ်) က လက်ရွေးစင်သွင်းဂိုး ငါးဂိုး၊ ကလပ် သွင်းဂိုး ၁၅ ဂိုးဖြင့် အဆင့် (၁)၊ ဘရာဇီးလ် တိုက်စစ်မှူး နေမာ (ဘာစီလိုနာက)လက်ရွေးစင်သွင်းဂိုး ၁၅ ဂိုး၊ ကလပ်သွင်းဂိုး လေးဂိုးဖြင့် အဆင့် (၂)၊ အာဂျင်တီးနားအသင်း ခေါင်းဆောင် မက်ဆီ(ဘာစီလိုနာ) က လက်ရွေးစင်သွင်းဂိုး ရှစ်ဂိုး၊ ကလပ် သွင်းဂိုး ၁၀ ဂိုးဖြင့် အဆင့် (၃)၊ ဂါနာ တိုက်စစ်မှူး အဆာမိုဂျန် (အယ်လ် အိန်း)က လက်ရွေးစင်သွင်းဂိုး ခြောက်ဂိုး၊ ကလပ်သွင်းဂိုး ၁၂ ဂိုးဖြင့် အဆင့်(၄)၊ ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာ(ရီးယဲလ်)က လက်ရွေးစင် သွင်းဂိုး ခုနစ်ဂိုး၊ ကလပ်သွင်းဂိုး ကိုးဂိုးဖြင့် အဆင့်(၅)၊ ဂျာမနီ ကွင်းလယ်ကစားသမား သောမက်စ် မူလာ(ဘိုင်ယန်မြူးနစ်)က လက်ရွေးစင် သွင်းဂိုး ၁၀ ဂိုး၊ ကလပ်သွင်းဂိုး ငါးဂိုးဖြင့် အဆင့်(၆)၊ မြန်မာ တိုက်စစ်မှူး ကျော်ကိုကို(ရန်ကုန်)က လက်ရွေးစင်သွင်းဂိုး ခြောက်ဂိုး၊ ကလပ် သွင်းဂိုး ခြောက်ဂိုးဖြင့် အဆင့်(၇)၊ ဆော်ဒီတိုက်စစ်မှူး ရှမ်ရာနီ (အယ်လ်ဟီလာ)က လက်ရွေးစင် သွင်းဂိုး နှစ်ဂိုး၊ ကလပ်သွင်းဂိုး ၁၀ ဂိုးဖြင့် အဆင့်(၈)၊ နယ်သာလန် တိုက်စစ်မှူး ဗန်ပါစီ(မန်ယူ) က လက်ရွေးစင်သွင်းဂိုး ရှစ်ဂိုး၊ ကလပ် သွင်းဂိုးသုံးဂိုးဖြင့် အဆင့်(၉)၊ ဝေးလ်စ်တောင်ပံကစားသမား ဂါရတ် ဘေးလ် (ရီးယဲလ်)က လက်ရွေးစင် သွင်းဂိုး သုံးဂိုး၊ ကလပ်သွင်းဂိုး ရှစ်ဂိုး ဖြင့် အဆင့် (၁၀)နေရာတို့တွင် ရပ်တည်နိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုက်စစ်မှူး ဆီဇာ(ဘရာဇီးလ်)မှာ လက်ရွေးစင် သွင်းဂိုးမရှိသော်လည်း AFC CUP သွင်းဂိုးခုနစ်ဂိုးဖြင့် အဆင့်(၅၂) နေရာတွင် ပါဝင်ခဲ့သည်။ IFFHS မှ ထုတ်ပြန်သည့် လိဂ်ပြိုင်ပွဲအဆင့် သတ်မှတ်ချက်တွင် မြန်မာနေရှင်နယ် လိဂ်က အဆင့်(၁၁၆)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။





ကျဖီး၊ ကျလော၊ ရေလာမြင့် (ခ) ကျတော၊ အိုက်ကျော်၊ အိုက်ခမ်း၊ ကျဝနှင့် မအဲလစ်ဇဘတ်တို့ ခုနစ်ဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့နယ်၌ ဘိန်းဖြူ ၃၅၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂၀**

မူးယစ်တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များနှင့် မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါ ဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက်က တာချီလိတ်ခရိုင် တာလေမြို့နယ် နမ့်မွေချောင်းတံတား တွင် တာလေဘက်မှ ကျိုင်းလပ်ဘက်သို့ ကျလော မောင်းနှင်ပြီး အိုက်ခမ်း/ကျဖီး၊ ကျဝ၊ အိုက်ကျော်နှင့် ရေလာမြင့် (ခ) ကျတော တို့လိုက်ပါလာသည့် 4F/. . . . . Vigo အမျိုးအစားမော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ ကျဖီးဝတ်ဆင်ထားသည့် အစိမ်းရောင်ပြောက်ကျားအကျႌ အနွေးထည်အိတ်အတွင်း မှ ဘိန်းဖြူဘလောက်တုံး တစ်တုံး၊ အလေးချိန် ၃၅၀ ဂရမ်အားလည်းကောင်း၊ ကျလောထံမှ CZ 755 CAL-9-Luger အမျိုးအစား 360 FP နံပါတ်ပါ ချက်နိုင်ငံလုပ် ပစ္စတိုသေနတ် တစ်လက်၊ ယင်းကျည် ၁၁ တောင့်တို့အား လည်းကောင်း၊ မော်တော်ယာဉ်ရှေ့ခန်းမှ လက်ကိုင် စကားပြောစက် တစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဖန်မင်အုပ်စု ဝမ်ကျောက်လုံကျေးရွာ မြို့ နယ်လှုပ်ရှားပြည်သူ့စစ်စခန်းဝင်းအတွင်းရှိ ကျလော ၏ တိုက်ခန်းအား ဝင်ရောက်ရှာဖွေရာ ကျလော၏ ဇနီးဖြစ်သူ မအဲလစ်ဇဘတ်အားတွေ့ရပြီး အိပ်ခန်း အတွင်းရှိ သံသေတ္တာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ထပ်မံသိမ်းဆည်းရမိသဖြင့် ကျဖီး (၂၉)နှစ်၊ ကျလော (၃၀)နှစ်၊ ရေလာမြင့် (ခ) ကျတော (၂၄)နှစ်၊ အိုက်ကျော် (၃၅)နှစ်၊ အိုက်ခမ်း (၂၈)နှစ်၊ ကျဝ (၂၉) နှစ်နှင့် မအဲလစ်ဇဘတ် (၃၁)နှစ်တို့ ခုနစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်း ရရှိသည်။ **(မူးယစ်ဗဟို)**

# သက်ရှည်ကျန်းမာ လမ်းလျှောက်ပါ

တင်ထွဋ်(အစိုးရတိုင်းရင်းဆေး)

"အာရောဂျံ ပရမာလာဘာ"ဟူသည့် စကားအတိုင်း ကျန်းမာခြင်းသည် လူတိုင်းအတွက် အဖိုးထိုက်တန်သည့် လာဘ်ကြီးတစ်ပါးဖြစ်ပြီး ယင်းအဖိုးထိုက်တန်၊ အမြတ်ဆုံးဖြစ်သည့် "ကျန်းမာခြင်း" လာဘ်ကို ရယူနိုင်ရေးအတွက် ကျန်းမာစေသည့် အနေအထိုင်၊ အစားအသောက်၊ အလေ့အကျင့်၊ အပြုအမူများ လိုအပ်လှပေသည်။ ကျန်းမာရေးနှင့်ပြည့်စုံပြီး အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများနှင့် စပ်လျဉ်း၍ ပါဠိစာပေကျမ်းဂန်များတွင်-

| | |
|---|---|
| **သပ္ပါယဘောဇီ** | **- မျှတသောအစားကို စားသောက်ခြင်း၊** |
| **ပရိဏတဘောဇီ** | **- ကြေကျက်လွယ်သော အစာအာဟာရများကိုသာ စားသောက်ခြင်း၊** |
| **သပ္ပါယေမတ္တံဇာနာတိ** | **- မိမိ၏ ဝမ်းမီးနှင့် သင့်လျော်သော အာဟာရကို စားသောက်ခြင်း၊** |
| **သီလဝါ** | **- ငါးပါးသီလဖြစ်စေ၊ ဥပုသ်သီလဖြစ်စေ စောင့်ထိန်းခြင်း၊** |
| **ကလျာဏမိတ္တတာ** | **- မိမိအကျိုးကို ဆောင်ရွက်တတ်သော မိတ်ကောင်းဆွေမွန်ရှိခြင်း၊** |
| **ကာလစာရီ** | **- အချိန်ကာလဒေသကို လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း၊** |
| **ပြဟ္မစာရီ** | **- မမြတ်သော ကာမဂုဏ်၊ မေထုန်အမှုတို့မှ ရှောင်ကြဉ်ခြင်း၊** |

စသည့်အချက်တို့ကို လေ့လာမှတ်သားခဲ့ရပါသည်။ ယင်းအချက်များကို တိကျစွာ လိုက်နာကျင့်ကြံမည်ဆိုပါက အနာရောဂါကင်းရှင်းပြီး ကျန်းမာခြင်းနှင့် ပြည့်စုံမည်ဖြစ်ပေသည်။

အနာရောဂါများ အလွယ်တကူ မဝင်ရောက်စေရန်၊ ကျန်းမာသန်စွမ်းစေရန်၊ အနာကင်း၍ အသက်ရှည်စေရန် ဆောင်ရွက်ဖွယ်များစွာရှိသည့်အနက် အထူးအရေးပါသည့်အချက်မှာ နေ့စဉ် အချိန်မှန်လမ်းလျှောက်သည့် အလေ့အကျင့်ပင်ဖြစ်ပေ၏။ အဆိုပါ လမ်းလျှောက်ခြင်းကို တာဝန်ဝတ္တရားတစ်ရပ်အဖြစ် မှတ်ယူကာ သတိထားလျက် စနစ်တကျ အချိန်မှန် မပျက်မကွက်ပြုလုပ်သင့်၏။ ယနေ့ခေတ်အခါ ကမ္ဘာတစ်ဝန်းလုံး စက်မှု၊ သတင်းအချက်အလက်၊ ဆက်သွယ်ရေးနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်လာသည့်နည်းတူ လူနေမှုဘဝဟန်ပန်များ ပြောင်းလဲလာခြင်းကြောင့် လမ်းလျှောက်ခြင်းဖြင့် အချိန်ကုန်မခံဘဲ မော်တော်ကား၊ မီးရထား၊ မော်တော်ဆိုင်ကယ်အစရှိသည့် ယာဉ်မျိုးစုံကို အသုံးပြုလာခြင်းကြောင့် ဣရိယာပုတ်မျှတခြင်းမရှိဘဲ ရောဂါဘယ ထူပြောလာကြ၏။ သို့ရာတွင် ကျေးလက်ဒေသနေထိုင်သူ အများစုမှာ မိမိတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သော လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လျက် ထင်းခွေခြင်း၊ ရေခပ်ခြင်း စသည့် နိစ္စဓူဝလုပ်ငန်းများ မပျက်မကွက်ဆောင်ရွက်ကြ၏။ ညနေစောင်းတွင် ခြင်းခတ်ခြင်း၊ ဘောလုံးကန်ခြင်း စသည့် ကိုယ်လက်လှုပ်ရှားအားကစားနည်းများမှ တစ်မျိုးမျိုးကိုလည်း ကစားလေ့ရှိ၏။ လယ်ထွန်ရာ၌ လည်းကောင်း၊ ကောက်စိုက်ပျိုးနုတ်ရာတွင် လည်းကောင်း လယ်ယာလုပ်ငန်းခွင်သို့ နံနက်၊ နေ့၊ ညနေ၊ နေ့၊ ညမဟူ လမ်းလျှောက်သွားလေ့ရှိ၏။ သို့ဖြစ်၍ ကျန်းမာရေးနှင့် ညီညွတ်သည့် အလေ့အထကောင်းများရှိသည်ဟု ဆိုနိုင်၏။

လူသားတို့သည် ထ၊ ထိုင်၊ လျောင်း၊ သွားဟူသည့် ဣရိယာပုတ်လေးပါးကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရလေသည်။ ကျန်းမာရေးဂရုစိုက်သောသူသည် ဖော်ပြပါ ဣရိယာပုတ်လေးပါးအား ညီညွတ်မျှတအောင် ဆောင်ရွက်ရာ၏။ တစ်ချိန်လုံး မတ်တပ်ရပ်လျက် အနေအထားဖြင့်သော်လည်းကောင်း၊ နေ့ညမနားဘဲ ထိုင်၍အလုပ်လုပ်ခြင်းသည် လည်းကောင်း၊ အိပ်ရာခုတင်ပေါ်တွင် လူမမာကဲ့သို့ တစ်ချိန်လုံး အိပ်စက်နေခြင်းသည်လည်းကောင်း၊ မနားတမ်း လမ်းလျှောက်နေခြင်းသည်လည်းကောင်း ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးကို ရရှိခံစားနိုင်မည်မဟုတ်ချေ။ အလုပ်လုပ်ချိန် လုပ်၊ နားချိန် နား၊ စားချိန် စား၊ ကိုယ်လက်လှုပ်ရှား အားကစားလုပ်ချိန်လုပ်မှသာလျှင် စိတ်ဖိစီးမှုလျော့နည်းကာ မိမိ၏ ကျန်းမာရေးကို မိမိကိုယ်တိုင် စောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ ထို့အတူ စိတ်ဖိစီးမှုမရှိစေရေး၊ သောကကင်းဝေးရေး၊ စိတ်ချမ်းသာရေးမှာလည်း များစွာအရေးပါ၏။ ကမ္ဘာပေါ်တွင် ကိုယ်ခန္ဓာ၌ဖြစ်ပွားတတ်သော အနာရောဂါထက် စိတ်တွင်ဖြစ်သော၊ စိတ်ကြောင့်ဖြစ်သော ရောဂါများမှာ ပိုမိုများပြားကြောင်း သုတေသနပြုလုပ်ချက်များက ဖော်ပြလျက်ရှိ၏။ ဥတုနှင့် အာဟာရတို့သည် ကျန်းမာရေးအတွက် ကမ္မ(ကံ)နှင့် စိတ်တို့နည်းတူ လွန်စွာအရေးပါ၏။ ဥတုဖောက်ပြန်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲကာ သက်ရှိတို့၏ ကျန်းမာရေးကို ကမောက်ကမဖြစ်စေနိုင်၏။ မြန်မာ့တိုင်းရင်းဆေးပညာအရ ပြင်ပဝန်းကျင်ရှိ ဥတုနည်းတူ ခန္ဓာကိုယ်အတွင်းရှိ ပူခြင်း၊ အေးခြင်းသဘော(တေဇောဓာတ်)သည်လည်း အထူးအရေးပါလှ၏။ ဓာတ်ကြီးလေးပါးတွင် အကြောင်းဓာတ်ဖြစ်သော တေဇောဓာတ်သည် ညီညွတ်မျှတမှန်ကန်မှသာ ကျန်ဓာတ်များ လွန်ခြင်း၊ အားနည်းခြင်း၊ ပျက်စီးခြင်းတို့ကင်းဝေးလျက် ကျန်းမာသုခ ရရှိခံစားနိုင်မည်ဖြစ်ပါ၏။ ထို့ပြင် သက်ရှိတို့သည် အစာအာဟာရဖြင့်သာ အသက်ရှည်ရပ်တည်နေကြရ၍ အစာအာဟာရကို မျှတအောင် မှီဝဲရန် များစွာအရေးကြီး၏။

အဆီပို၍ အဝလွန်နေသူများ၊ သွေးတိုး၊ လေဖြတ်သူများ၊ ဆီးချိုသွေးချိုရောဂါရှင်များ ကျေးလက်ဒေသတွင် မရှိသလောက်နည်းပါးလှကြောင်း တွေ့ရလေ၏။ မြို့ပြဒေသများတွင် ဣရိယာပုတ်လေးပါးအနက် ထိုင်ခြင်း၊ အိပ်ခြင်း ဣရိယာပုတ်သည် ထခြင်း၊ သွားခြင်း(လမ်းလျှောက်ခြင်း)ထက် ပို၍များနေသဖြင့် ဆီး၊ ဝမ်း၊ လေဖောက်ပြန်ကာ သွေးလေမညီညွတ်တော့ဘဲ အနာရောဂါများ ထူပြောလာခြင်းဖြစ်လေ၏။ ယခုအခါတွင်မူ မိမိတို့၏ ကျန်းမာရေးကို ယခင်ကာလများထက် ပိုမိုဂရုစိုက်လာကြပြီဖြစ်၍ လမ်းလျှောက်ခြင်း(သို့မဟုတ်)အနှေးပြေးခြင်းကို တစ်နေ့လျှင် နာရီဝက်မှ တစ်နာရီခန့်အထိ အချိန်ပေး၍ ပြုလုပ်လာကြကြောင်း တွေ့ရ၏။ အချို့မှာ ကြိုးခုန်၏။ အချို့မှာ ခြင်းခတ်၏။ အချို့မှာ ရေကူး၏။ အချို့မှာမူ နံနက်သာမက ညနေပိုင်းတွင်ပါ ကိုယ်လက်လှုပ်ရှား ပြုလုပ်လာကြ၏။ ယင်းသို့ပြုလုပ်ခြင်းဖြင့် အကြောပြေစေခြင်း၊ အကြောအခြင်များ သန်စွမ်းစေခြင်း၊ စိတ်ကြည်လင်စေခြင်း၊ လေကောင်းလေသန့်ရှူရှိုက်ရ၍ အဆုတ်နှင့်နှလုံး ကျန်းမာရေးကောင်းမွန်ခြင်း၊ ကြွက်သားများသန်စွမ်းခြင်း၊ အစာကြေညက်စေခြင်း၊ သွေးလည်ပတ်မှုမှန်ကန်စေသဖြင့် ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မျှတစေခြင်း၊ ဓာတ်ကြီးလေးပါးမျှတစေခြင်း၊ ကိုယ်ခံစွမ်းအား တိုးတက်စေခြင်းစသည့် အကျိုးတရားတို့ကို ခံစားရရှိနိုင်၏။

ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုခြင်းတို့သည် **ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ** အပြန်အလှန် ဆက်စပ်လျက်ရှိသည်။ ကိုယ်လက်လှုပ်ရှားမှု အလေ့အကျင့်ရှိသူများသည် သာမာန်လူများထက် အမောအပန်းခံနိုင်ခြင်း၊ သက်လုံကောင်းမွန်ခြင်းတို့နှင့်ပြည့်စုံပြီး သွေးလည်ပတ်မှုကိုလည်း ပိုမိုကောင်းမွန်စေသည်။ နှလုံးကြွက်သားများ သန်မာလျက် ခန္ဓာကိုယ်တွင်း ပိုလျှံနေသည့် အဆီများကိုလည်း ဖယ်ရှားပေးနိုင်စွမ်းရှိပေသည်။

ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတွင် လမ်းလျှောက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ လမ်းလျှောက်ခြင်း(တစ်နည်း စင်္ကြံလျှောက်ခြင်း)နှင့် စပ်လျဉ်း၍ အကျိုးကျေးဇူးငါးပါးရှိကြောင်း ရှေးစာပေများတွင် **ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေကျက်၊ မပျက် သမာဓိ၊ ငါးမျိုးရှိ များ၏စင်္ကြံအကျိုးတည်း** ဟု မှတ်သား လိုက်နာစရာ လင်္ကာဖွဲ့ဆိုထားပါသည်။

လေကောင်းလေသန့်ရရှိနိုင်မည့် နေရာများသို့ ဖြတ်သန်းလျက် နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်းသည် ကိုယ်ခန္ဓာအညောင်းအညာကို ပြေစေပြီး ခန္ဓာကိုယ် ဣရိယာပုတ်ကိုလည်း မျှတစေပါသည်။ လမ်းလျှောက်စဉ် အသက်ကို ဝအောင်ရှူရန် လိုအပ်လှပါသည်။ ပထမဦးစွာ လမ်းလျှောက်စကာလတွင် မိမိ၏ အသက်အရွယ်နှင့် ကျန်းမာရေးအခြေအနေပေါ်မူတည်ပြီး မိမိလျှောက်နိုင်သည့် အတိုင်းအတာဖြင့် ခရီးအကွာအဝေး တိုတောင်းစွာလျှောက်၍ တဖြည်းဖြည်း ခရီးအကွာအဝေးကို တိုးမြှင့်လျှောက်ပေးရန်ဖြစ်ပါသည်။ လမ်းလျှောက်ရမည့် အကွာအဝေးအနေဖြင့် ပုံသေသတ်မှတ်ထားခြင်းမရှိပါ။ လူတစ်ဦးချင်းစီ၏ လိုအပ်မှုအနေအထား၊ အသက်အရွယ် အလိုက်သာမူတည်ပြီး သင့်လျော်မည့် ခရီးအကွာအဝေးကို နေ့စဉ်မှန်မှန်လျှောက်ရန်သာ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်းအပေါ် သုတေသီများ၏ သုတေသနပြုချက်အရ လူတစ်ဦးသည် တစ်ပတ်လျှင် တစ်နာရီမှ သုံးနာရီအထိ တစ်နာရီလျှင် သုံးမိုင်နှုန်း လမ်းလျှောက်ပါက လေ့ကျင့်ခန်းမပြုလုပ်သူများထက် နှလုံးထိခိုက်ခံရမှုနှင့် သေဆုံးမှုရာခိုင်နှုန်း ၃၀ လျော့နည်းသွားသည်ကို တွေ့ရှိရကြောင်း၊ တစ်ပတ်လျှင် သုံးနာရီထက် အချိန်ပို၍ လျှောက်မည်ဆိုပါက ယင်းအန္တရာယ်မှ နောက်ထပ်ငါးရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း သိရှိရပါသည်။

လမ်းလျှောက်သည့်အမြန်နှုန်းကိုလည်း အလေးထားဂရုပြုရန် လိုအပ်ပါသည်။ သက်သောင့်သက်သာအနေအထားဖြင့် တစ်နာရီလျှင် နှစ်မိုင်နှုန်းထက် လျော့နည်းလျှောက်ပါက နှလုံးထိခိုက်မှုအန္တရာယ်မှ ၂၅ ရာခိုင်နှုန်း လျော့နည်းပြီး အကယ်၍ သုံးမိုင်နှုန်း သို့မဟုတ် ထိုနှုန်းထက်ပိုလျှောက်မည်ဆိုပါက အန္တရာယ်မှ ၃၆ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်း လေ့လာသိရှိရပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများအနေဖြင့် သွေးတိုးကို ကျစေခြင်း၊ နှလုံးရောဂါကို ကာကွယ်နိုင်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ကြည်လင်လန်းဆန်းစေခြင်း၊ အရိုးအဆစ်များ ကြံ့ခိုင်သန်စွမ်းစေခြင်း၊ ခန္ဓာကိုယ်၏ အလေးချိန်ကို (အဝမလွန်ကဲအောင်)ထိန်းသိမ်းထားနိုင်ခြင်း၊ ကြွက်သားများသန်မာပြီး သွေးကြော၊ လေကြောပွင့်၍ သန်စွမ်းဖျတ်လတ်စေခြင်း၊ သွေးအတွင်းမှ အဆီကျစေခြင်း၊ သွေးအတွင်းမှ သကြားဓာတ်ကျစေခြင်း၊ အသက်အရွယ်မရွေး၊ လူတန်းစားမရွေး ဆောင်ရွက်နိုင်ခြင်း စသည်တို့ဖြစ်ကြပါသည်။

ထို့ပြင် လမ်းလျှောက်ခြင်းသည် ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းဖြစ်သည့်အားလျော်စွာ နှလုံးစွမ်းအားနှင့် အဆုတ်စွမ်းအားတို့ကို တိုးပွားစေနိုင်ခြင်း၊ ကင်ဆာအဖုအကျိတ်(ဥပမာ- အူမကြီးကင်ဆာ၊ ဆီးကျိတ်ကင်ဆာစသည့်)ရောဂါများ ဖြစ်ပွားနှုန်းကို လျော့နည်းစေခြင်း၊ အကြောအခြင်နာကျင်မှုသက်သာစေခြင်း၊ စိတ်ဖိစီးမှုလျော့နည်းစေခြင်းနှင့် စိုးရိမ်သောကကြောင့်ကြစိတ်များ လျော့ပါးခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း လေ့လာသိရှိရပါသည်။ ။

---

## စိတ်ခွန်အားနှင့်ကင်ဆာ ဆွေးနွေးပွဲကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၁၅ ခုနှစ် ကမ္ဘာ့ကင်ဆာရောဂါနေ့ အထိမ်းအမှတ်အဖြစ် ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပမည့် "စိတ်ခွန်အားနှင့်ကင်ဆာ" ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်(စနေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းရှိ ရန်ကုန်သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲတွင် "စိတ်ခွန်အား" လေ့ကျင့်ကစားခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ပြီး ဆက်လက်၍ ဒေါက်တာဦးညွန့်သန်းက အပြုအမူ၊ အမူအကျင့်နှင့် ကင်ဆာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာဦးမိုးအောင်ကျော်နိုင်က ကင်ဆာလူနာများတွင် စိတ်ထိခိုက်နာကျင်မှု ဖော်ထုတ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခ ဦးညဏ်ဝင်းကျော်က စိတ်ဖိစီးမှုနှင့် ကင်ဆာခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဒေါက်တာဒေါ်အေးမြတ်လွင်က နှစ်သိမ့်ဆွေးနွေးခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ ပါမောက္ခ ဒေါက်တာဒေါ်ရင်ရင်ထွန်းက စိတ်ခွန်အားနှင့် ကင်ဆာခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရွှေရောင်နှင်းဆီကင်ဆာဖောင်ဒေးရှင်း ဖုန်း- ၀၉-၇၃၁၅၄၉၇၄၊ အီးမေးလ်-htun-rose@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

**(ကြေးမုံ)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့






ပြည်သူ့လွှတ်တော်အစည်းအဝေး

# ပြည်သူလူထုပူးပေါင်းပါဝင်မှုသာ ယာဉ်မတော်တဆမှုနှင့်မှုခင်းများ လျှော့နည်းကျဆင်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ဒိုက်ဦး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ၏ **"ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် အဆင့်မြှင့်တင်ရန်နှင့် ကမ္ဘာမှာရှိသည့် အကောင်းဆုံး၊ အဆင့်မြင့်ဆုံး တက္ကသိုလ်များက ဝိုင်းဝန်းကူညီရန် မည်သို့ ဆောင်ရွက်နေသည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက နိုင်ငံတော်အစိုးရသစ် စတင်တာဝန်ယူခဲ့သည့် ၂၀၁၁ ခုနှစ်မှ စပြီး ရန်ကုန်တက္ကသိုလ်ကို အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံ ပြုပြင်မွမ်းမံအဆင့်မြှင့်တင် တည်ဆောက်မှုများ၊ ပညာရပ်အရည်အသွေး မြှင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာ ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များနှင့် သုတေသနလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များဟူ၍ ဆောင်ရွက်နေပါကြောင်း။

အခြေခံ အဆောက်အအုံနှင့် ပတ်သက်၍ ပြင်ဆင်ထိန်းသိမ်းခြင်းနှင့် အသစ်ထပ်မံတည်ဆောက်ခြင်းဟူသည့် လုပ်ငန်းနှစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများအဖြစ် နှစ်ပေါင်းများစွာ ကြာမြင့်ပြီးဖြစ်သည့် အဆောက်အအုံများနှင့် ကျောင်းသား ကျောင်းသူ အဆောင်များကို ရှေးမူမပျက် အဆင့်မြှင့်တင်ထိန်းသိမ်းခြင်း၊ စာသင်ခန်းများကို ခေတ်မီသင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ တပ်ဆင်ပေးခြင်း၊ လက်တွေ့ခန်းသုံးပစ္စည်းများ လုံလောက်စွာဖြည့်ဆည်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

အသစ်တည်ဆောက်ခြင်းလုပ်ငန်းများတွင် အဆင့်မြင့်(၂)ထပ် စားသောက်ဆိုင်၊ နိုင်ငံတကာအဆင့်မီ ကျောင်းသား (၄၀၀) ဆံ့ အဆောက်



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်။

အအုံ (၂) လုံး၊ အမျိုးသားအင်္ဂလိပ်စကားဗဟိုဌာန အဆောက်အအုံနှင့် ရေနေသက်ရှိအဆောက်အအုံ(၂)လုံး၊ ခေတ်မီသိပ္ပံနှင့်ဝိဇ္ဇာ တိုးချဲ့အဆောက်အအုံများကို ဆောက်လုပ်ရန် လျာထားပြီးဖြစ်ပါကြောင်း။

ပညာရပ်ပိုင်းဆိုင်ရာ အရည်အသွေးမြှင့်မားရေးအတွက် သင်ကြားနည်းစနစ်များ ပြောင်းလဲသင်ကြားစေခြင်း၊ အချိန်ကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန် e-Learning ကို ထိရောက်စွာ အသုံးပြုစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများ နိုင်ငံတကာအဆင့်မီဖြစ်စေရေးအတွက် နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ခြင်း၊ ဘာသာရပ်ဌာနများအလိုက် ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းစဉ်များ ချမှတ် ဆောင်ရွက်ခြင်းတို့ကိုလည်း ပြုလုပ်ခဲ့ပါကြောင်း။

နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များအဖြစ် နိုင်ငံတကာတက္ကသိုလ်နှင့် အဖွဲ့အစည်းပေါင်း (၂၀)ခုဖြင့် MoU ရေးထိုးခဲ့ပြီး တက္ကသိုလ်နှင့် အဖွဲ့အစည်း (၁၆)ခုကိုလည်း လက်မှတ်ရေးထိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းသို့ ရေးထိုးဆောင်ရွက်ရာတွင် Student exchange, staff exchange,faculty exchange နှင့် Collaboration research တို့ကို အရှိန်အဟုန် မြှင့်နိုင်ရေးအတွက် ရည်ရွယ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်း၏ အကျိုးရလဒ်များအဖြစ် သုတေသနများ ပူးပေါင်းလုပ်ဆောင်ခြင်း၊ ပညာတော်သင်များ စေလွှတ်နိုင်ခြင်း၊ နိုင်ငံတကာပညာရှင်များ လာရောက်၍ သင်ကြားပို့ချခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ပညာရေးဆိုင်ရာ ညီလာခံများ လက်ခံကျင်းပနိုင်ခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းထွန်းဦး၏ **"မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှုကို သိရှိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ယာဉ်ထိန်းရဲတပ်ဖွဲ့အား ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁ရက်မှစ၍ ဖွဲ့စည်းပုံအသစ်ဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့လုပ်ငန်း တာဝန်များအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူးရုံးကို နေပြည်တော်တွင် လည်းကောင်း၊ တပ်ဖွဲ့ခွဲမှူးရုံး (၃)ရုံးအား နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များတွင်လည်းကောင်း ဖွဲ့စည်းထားရှိပါကြောင်း၊ အဆိုပါ တပ်ဖွဲ့ခွဲမှူးရုံး (၁) ရုံးအောက်တွင် ဒုတပ်ဖွဲ့ခွဲမှူးရုံး(၅)ရုံးစီ ဖွဲ့စည်းထားရှိကာ ဒုတပ်ဖွဲ့ခွဲမှူးရုံး (၁၅)ရုံးတို့ကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်



အမရပူရ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး။

မြို့တော်များတွင် တာဝန်ပေးထားပါကြောင်း။

စည်းကမ်းပျက်ယာဉ်များ အရေးယူမှုကို တစ်နိုင်ငံလုံးအနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း မော်တော်ယာဉ် (၃၃၉၂၉၀) မှု၊ မော်တော်ဆိုင်ကယ် (၂၄၂၂၉၄) မှု၊ ထော်လာဂျီ (၇၇၃၆) မှု၊ သုံးဘီးယာဉ် (၃၇၁၂)မှု၊ အနေးယာဉ် (၂၈၀)မှု စုစုပေါင်း (၅၈၉၃၀၃၀) မှုတို့ကို အရေးယူခဲ့ပါကြောင်း၊ နေပြည်တော်တွင် စည်းကမ်းပျက်ယာဉ်များ အရေးယူမှုအနေဖြင့် ၂၀၁၂ခုနှစ်တွင် (၁၁၄၁၂)မှု၊ ၂၀၁၃ ခုနှစ်တွင် (၇၃၈၀)မှု၊ ၂၀၁၄ ခုနှစ်တွင် (၆၀၀၁)မှုရှိသဖြင့် တစ်ရက်လျှင် ပျမ်းမျှ (၂၄)မှု အရေးယူခဲ့ပြီး မော်တော်ယာဉ်တရားရုံး တစ်ရုံးမှ တစ်ရက်လျှင် ပျမ်းမျှ (၂)မှု၊ စည်ပင်သာယာ တရားရုံးတစ်ရုံးမှ တစ်ရက်လျှင် ပျမ်းမျှ(၁၂)မှု စုစုပေါင်း တစ်ရက်လျှင် ပျမ်းမျှ(၁၄)မှုကို စစ်ဆေး စီရင်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့တွင် စည်းကမ်းပျက်ယာဉ်များ အရေးယူမှုအနေဖြင့် ၂၀၁၂ ခုနှစ်တွင် (၄၇၀၇၁၉)မှု၊ ၂၀၁၃ခုနှစ်တွင် (၃၅၂၇၆၆)မှု၊ ၂၀၁၄ခုနှစ်တွင် (၂၅၂၀၄၅)မှုရှိသဖြင့် တစ်ရက်လျှင် ပျမ်းမျှ(၉၈၂)မှု အရေးယူခဲ့ပြီး မော်တော်ယာဉ်တရားရုံး(၂) ရုံးမှ တစ်ရက်ပျမ်းမျှ (၄၆၄)မှု၊ စည်ပင်သာယာတရားရုံး (၇)ရုံးမှ တစ်ရက်ပျမ်းမျှ (၁၅)မှု စုစုပေါင်း တစ်ရက်လျှင် ပျမ်းမျှ(၄၇၉) မှုကို စစ်ဆေးစီရင်ပေးလျက်ရှိပါကြောင်း။

မန္တလေးမြို့တွင် စည်းကမ်းပျက်ယာဉ်များ အရေးယူမှုအနေဖြင့် ၂၀၁၂ ခုနှစ်တွင် (၃၂၅၆၈)မှု၊ ၂၀၁၃ ခုနှစ်တွင် (၂၄၉၈၇)မှု၊ ၂၀၁၄ ခုနှစ်တွင် (၆၂၆၉၄)မှုရှိသဖြင့် တစ်ရက်လျှင် ပျမ်းမျှ (၁၁၀)မှု အရေးယူခဲ့ပြီး မော်တော်ယာဉ်တရားရုံး တစ်ရုံးမှ တစ်ရက်လျှင် ပျမ်းမျှ(၅)မှု၊ စည်ပင်သာယာ တရားရုံးတစ်ရုံးမှ တစ်ရက်လျှင် ပျမ်းမျှ (၈၃)မှု စုစုပေါင်း တစ်ရက်လျှင် ပျမ်းမျှ (၈၈) မှုကို စစ်ဆေးစီရင်ပေးလျက်ရှိပါကြောင်း၊ စည်းကမ်းပျက်ယာဉ်များ တိုးလာသော်လည်း လက်ရှိတရားရုံးများမှ နေ့စဉ်စီရင်ပေးနိုင်ကြောင်း၊ ယခုအခြေအနေထက် ပိုမို၍ မြန်မြန်ဆန်ဆန် စီရင်ပေးနိုင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှလည်း ကြပ်မတ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ အလားတူ အခြားတိုင်းဒေသကြီး/ ပြည်နယ်များ၌ ဖြစ်ပွားသည့် စည်းကမ်းပျက်ယာဉ်များ အရေးယူမှုကို သက်ဆိုင်ရာမြို့နယ်တရားရုံးများတွင် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်မတော်တဆမှုများကို စစ်ဆေးရာတွင် တရားခံ ခေါ်ဆောင်စရိတ်နှင့် သက်သေခံယာဉ် သယ်ယူစရိတ်တို့ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် စတင်ခွင့်ပြုပေးခဲ့ရာ ၎င်းဘဏ္ဍာရေးနှစ်အတွင်းရှိ ယာဉ်မတော်တဆမှုများကို အခြေခံ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်မှ သယ်ယူပို့ဆောင်ခ အသုံးစရိတ် ခွင့်ပြုငွေ (၆၂၅၀၀၀၀)ကျပ်အား ခွင့်ပြုချမှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ တပ်ဖွဲ့ခွဲများ၏ တင်ပြချက်များအပေါ် စိစစ်၍ သယ်ယူပို့ဆောင်စရိတ် (၈၁၅၀၅၀၀)ကျပ် ထုတ်ယူသုံးစွဲခဲ့ပါကြောင်း။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် သယ်ယူပို့ဆောင်ခ အသုံးစရိတ် (၁၀၈၈၀၀၀၀)ကျပ်အား ခွင့်ပြုပေးခဲ့ပြီး သက်ဆိုင်ရာ တပ်ဖွဲ့ခွဲများ၏ တင်ပြချက်များအပေါ် စိစစ်၍ (၆၇၈၀၀၀၀)ကျပ်အား ထုတ်ယူသုံးစွဲခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များရှိ ရဲစခန်းများတွင် ထိန်းသိမ်းထားရှိသော သက်သေခံ မော်တော်ယာဉ်များနှင့် ပတ်သက်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ကို ငွေကြေးပေးဆောင်ရန် သတ်မှတ်ထားမှုမရှိပါကြောင်းနှင့် တရားမဝင် ငွေကြေးတောင်းခံကြောင်း သက်သေခံအထောက်အထား ပြည့်စုံမှန်ကန်စွာဖြင့် တင်ပြတိုင်ကြားလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးဥပဒေနှင့်အညီ စစ်ဆေးအရေးယူသွားမည်ဖြစ်ပါကြောင်းနှင့် ပြည်သူလူထုများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ ယာဉ်မတော်တဆမှုများနှင့် မှုခင်းများ လျှော့နည်းကျဆင်းသွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# သပြုကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရေး ဆောင်ရွက်ပေးမည်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဖိုးဇော်က **"ကဝမြို့နယ် သပြုကျေးရွာ (၁၆)ခုတင်ဆံ့ ကိုယ်ထူကိုယ်ထ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခွင့်နှင့် နိုင်ငံတော်မှ လိုအပ်သည့် ဆရာဝန်များ ချထားပေးနိုင်ခြင်း ရှိ/မရှိ"**မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် သပြုကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် သပြုကျေးရွာသို့ ကွင်းဆင်းတွေ့ရှိမှု အခြေအနေအရ အနီးဆုံးဆေးရုံသို့ သွားလာနိုင်မှုအနေဖြင့် ခရမ်းမြို့နယ် ကမာမတ်တိုက်နယ်ဆေးရုံသည် သမဲ့ချောင်း Sub Centre အပိုင် ပြည်တော်သာ၊ ကမ်းမြောင်ရွာများနှင့် နီးသည်ဆိုသော်လည်း ချောင်း(၂)ဆင့် ဖြတ်ကူးပြီး စက်လှေဖြင့် သွားလာရသဖြင့် ရာသီမရွေးသွားရန် အခက်အခဲရှိပါကြောင်း၊ သမဲ့ချောင်းရွာနှင့်ဆိုလျှင် ရေမိုင် (၁၀)မိုင် ကွာဝေးပြီး စက်လှေဖြင့် တစ်နာရီကျော်သွားရပြီး စက်လှေငှားခမှာ ကျပ် (၄၀၀၀၀) ခန့် ကုန်ကျသဖြင့် သွားလာရန်ခက်ခဲပါကြောင်း။

ထို့အတူ လှည်းကူးမြို့နယ်အတွင်းရှိ ဒါးပိန်တိုက်နယ် ဆေးရုံသို့ သွားရောက်ရန်မှာလည်း ပေ ၁၂၀၀ ကျော်ကျယ်သည့် ပဲခူးမြစ်ကို ကူးတို့ဖြင့် ဖြတ်ကူးရပြီး ကုန်းလမ်း (၂) မိုင်ခန့် ဆက်လက်သွားရပါကြောင်း၊ ကူးတို့သမ္ဗန်မှာလည်း ပုံမှန် နံနက် ၄ နာရီမှ ည ၇ နာရီခန့်အထိသာရှိပြီး ညဘက် အရေးပေါ်သွားရောက်ရန် အခက်အခဲရှိပြီး မိုးတွင်းကာလတွင်လည်း သွားလာရေးခက်ခဲပါကြောင်း၊ ကဝမြို့နယ်အတွင်းရှိ အခြားတိုက်နယ်ဆေးရုံ (၅)ရုံမှာလည်း မြို့၏ အရှေ့ဘက်ခြမ်းတွင် တည်ရှိပြီး အနောက်ဘက်ခြမ်းတွင် မရှိသေးပါကြောင်း၊ အရေးပေါ်အခြေအနေတွင်



ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး။

ကဝမြို့နယ် ဆေးရုံသို့သာသွားရောက်ရပြီး မြေလမ်းကို ထော်လာဂျီနှင့် သွားရန် တစ်နာရီကျော်ခန့်သွားရပြီး မိုးတွင်းကာလဆိုလျှင် သွားလာရေး ပိုမိုခက်ခဲပါကြောင်း၊ တိုက်နယ်ဆေးရုံ အဆောက်အအုံအတွက် ငွေကျပ်သိန်း (၆၀၀၀)ခန့် လှူဒါန်းမည့် အလှူရှင်ရှိပြီး မြေနေရာအတွက်လည်း ရွာအဝင်တွင် (၅) ဧကကျယ်သော မြေလှူဒါန်းမည့်အလှူရှင်ရှိပါကြောင်း၊ မြေစာရင်းဌာနမှလည်း လာရောက်တိုင်းတာပြီးသည့်အတွက် ခိုင်မာမှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ သပြုကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးအောင်မြင့်ဟန်က **"တောင်သာမြို့နယ် ထန်းပင်ခြံ ရွာသစ်ကျေးရွာတွင် ရေချိုရရှိမည့် စက်ရေတွင်း တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက မန္တလေးတိုင်းဒေသကြီး အတွင်း၌ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၄၄၄၇



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဖိုးဇော်။

ဒသမ ၈၇) သန်းဖြင့် တွင်းတိမ် (၂၇) တွင်း၊ တွင်းနက် (၂၄၂) တွင်း၊ လက်တူးတွင်း (၁)တွင်း၊ မိုးရေလှောင်ကန် (၅၄)ကန်၊ စိမ့်စမ်းရေသွယ်ခြင်း (၆) ခု၊ အခြားရေရရှိရေးလုပ်ငန်း (၅၁)ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း (၃၈၁) ခု ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

တောင်သာ မြို့နယ်တွင်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် (၃၄၅ ဒသမ ၀၀) သန်းဖြင့် တွင်းတိမ်(၃) တွင်း၊ တွင်းနက် (၉) တွင်း၊ မြေသားရေကန် (၇)ကန် စုစုပေါင်း ရေရရှိရေးလုပ်ငန်း(၁၉)ခု ဆောင်ရွက်ခွင့်ပြုပြီးဖြစ်ပါကြောင်း။

တောင်သာ မြို့နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်လိုသည့် ပုဒါတ်စာကုန်းကျေးရွာအုပ်စု ထန်းပင်ခြံရွာသစ်ကျေးရွာ ရေရရှိရေးလုပ်ငန်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ငွေကျပ် (၉ ဒသမ ၉၅) သန်းဖြင့် တွင်းနက် (၁)တွင်း လျာထားပြီးဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

# အားလုံးကို တူညီတဲ့စိတ်ဆန္ဒနဲ့ ပူးပေါင်းပြီး တိုင်းပြည်ကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့သွားဖို့အဓိကကျ

နေပြည်တော်　　ဇန်နဝါရီ　　၂၀

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်၌ CNA သတင်းဌာနအား လက်ခံတွေ့ဆုံ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာများ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားချက်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-**

**CNA။　　။တည်ငြိမ်ရေးနဲ့ ပတ်သက်ပြီးတော့ မကြာခဏ ပြောခဲ့ပါတယ်။ မြန်မာနိုင်ငံက တည်ငြိမ်အေးချမ်းဖို့အတွက် ဖေဖော်ဝါရီလမှာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးသွားမယ်လို့ကြားရပါတယ်။ အဲဒါဖြစ်နိုင်ခြေ ရှိပါသလား။**

ဗိုလ်ချုပ်မှူးကြီး။　။ဒါကလည်း လက်နက်ကိုင်တိုင်းရင်းသားအဖွဲ့အစည်းတွေအပေါ်မှာလည်း တည်လိမ့်မယ်။ သူတို့တကယ်ငြိမ်းချမ်းရေးလိုချင်သလား၊ သူတို့တကယ်ငြိမ်းချမ်းရေးလိုချင်တယ်ဆိုရင်တော့ ငြိမ်းချမ်းရေးမရစရာအကြောင်းမရှိဘူး။ ကျွန်တော်တို့သွားနေတာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသွားနေတာ။ ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းဟာ တရားဥပဒေနှင့်အညီ အေးအေးချမ်းချမ်းသွားရမယ့်ကိစ္စဖြစ်တယ်။ ဒါကလည်း ပြည်သူကရွေးချယ်တဲ့ လမ်းကြောင်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ကလည်း သူတို့ကိုနေရာပေးပြီးတော့ ဒီလမ်းကြောင်းပေါ်ရောက်အောင်ခေါ်နေတယ်။ ကျွန်တော်တို့အနေနဲ့လည်း လွန်ခဲ့တဲ့ ၂၀၁၄ ခုနှစ် ဩဂုတ်လထဲမှာ အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးစားခဲ့တယ်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့်မရခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တချို့နေရာတွေမှာ မဖြစ်နိုင်တဲ့ပြောဆိုမှုတွေ၊ တောင်းဆိုမှုတွေရှိတဲ့အတွက်ကြောင့် ဒါတွေပြန်ပြီးညှိနှိုင်းနေရတာရှိတယ်။ တကယ်လို့သာ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တကယ်သူတို့သွားချင်တဲ့ဆန္ဒရှိတယ်၊ တိုင်းပြည်အပေါ်မှာလည်း စည်းစည်းလုံးလုံးနဲ့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ချင်တဲ့ စိတ်ဆန္ဒရှိတယ်ဆိုရင် သူတို့ရွေးစရာ ဒီလမ်းကြောင်းဆိုတာ သူတို့သိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က သူတို့တကယ်လို့သာ ဒီလမ်းကြောင်းပေါ်မှာလာမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အမြဲတမ်း အားလုံးကြိုဆိုနေပါမယ်။ အဓိကကတော့ ဒီမိုကရေစီစနစ်အပေါ်မှာ သူတို့ လက်ခံပြီးတော့မှ တကယ်ကိုသူတို့စိတ်ဆန္ဒနဲ့ လုပ်ဆောင်ဖို့လိုပါတယ်။ အခွင့်အရေးတစ်ရပ်အနေနဲ့ လုပ်ဆောင်မယ်ဆိုရင် တချို့ဟာတွေမှာ ဥပဒေနဲ့မညီရင် ကျွန်တော်တို့လုပ်လို့မရဘူး။ ဥပဒေနဲ့ပဲ သွားရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ တကယ်မျှော်လင့်ထားတယ်။ ကျွန်တော် အမျှော်လင့်ဆုံးက အဲဒါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့လည်း ကိုယ့်တိုင်းပြည်နဲ့ပတ်သက်လာရင် အကောင်းဘက်ကိုပဲ အများကြီးသွားချင်ပါတယ်။ အငြင်းပွားနေလို့ မဖြစ်ပါဘူး။ အငြင်းပွားနေတာ တိုင်းပြည်ရဲ့တိုးတက်မှုကို အများကြီး အနှောင့်အယှက်ပေးပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ အားလုံးကိုတူညီတဲ့စိတ်ဆန္ဒနဲ့ ပူးပေါင်းပြီးတော့မှ တိုင်းပြည်ကိုကောင်းအောင်လုပ်မယ်ဆိုတဲ့စိတ်နဲ့ပဲ သွားဖို့က အဓိကကျပါတယ်။



**CNA။　　။လက်နက်ကိုင်တပ်ဖွဲ့တွေက တပ်မတော်က ဒီငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေအတွက်ကို အနှောင့်အယှက်သဘောမျိုးဖြစ်စေတဲ့ ပစ်ခတ်မှု မကြာခဏဖြစ်တာကလည်း သူတို့ဆွေးနွေးရေးကို အများကြီး အနှောင့်အယှက် ပိုဖြစ်စေပါတယ်။ ရှေ့ဆက်ပြီး ခြေလှမ်းတစ်လှမ်းတိုးဖို့နောက်ကိုသုံးလှမ်း ပြန်ဆုတ်နေသလို ဖြစ်နေပါတယ်။**

ဗိုလ်ချုပ်မှူးကြီး။　။ကျွန်တော်ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ဘက်က မူဝါဒ(၆)ချက်ပေးထားတယ်။ နံပါတ်(၁)အချက် အမှန်တကယ်ငြိမ်းချမ်းရေးလိုချင်စိတ်ရှိရမယ်။ သဘောတူညီထားမှုအပေါ် အမြတ်မထုတ်ရဘူး။ ပြည်သူလူထုအပေါ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်ဖို့ နောက်ထုတ်ပြန်ထားတဲ့ တရားဥပဒေတွေကို လိုက်နာဖို့လိုတယ်။ ကျွန်တော်တို့ကျင့်သုံးနေတဲ့ ဒီမိုကရေစီစနစ်ကိုလက်ခံပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို လျှောက်လှမ်းနေတဲ့ လမ်းကြောင်းပေါ်ကို လိုက်ပါဖို့ပြောထားတာရှိပါတယ်။ ဒီသဘောတူထားတဲ့ ကတိကဝတ်တွေကို လိုက်နာဖို့ဆိုတဲ့ နေရာမှာ ဒါတွေမျိုးစုံချိုးဖောက်လာတာတွေ့ရတယ်။ ပြန်ကြည့်မယ်ဆိုရင် ပစ်ခတ်မှုရှိတဲ့နေရာတွေ ရှိသလို ပစ်ခတ်မှုမရှိတဲ့နေရာတွေရှိတယ်။ ပစ်ခတ်မှုမရှိတဲ့ နေရာတွေက ဘာကြောင့်မဖြစ်လဲဆိုတော့ သူတို့သဘောတူညီချက်တွေပေါ်မှာ အလေးထားတဲ့အတွက်ကြောင့် ပြဿနာမရှိဘူး။ ပစ်ခတ်မှုရှိတဲ့နေရာတွေကျတော့ သဘောတူညီမှုတွေအပေါ် အလေးထားပြီး လိုက်နာမှုမရှိတဲ့အတွက်ကြောင့်ဖြစ်လာတဲ့ ပြဿနာတွေဖြစ်တယ်။ ဥပမာအားဖြင့် တချို့နယ်မြေတွေမှာဝင်ပြီးတော့မှ ပြည်သူလူထုနဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လုံခြုံရေးယူတဲ့ အဖွဲ့အစည်းတွေကို နှောင့်ယှက်တာတွေ လုပ်တာတွေရှိတယ်။ ဒါတွေကတော့ ကျွန်တော်တို့ကာကွယ်ရမှာဖြစ်တယ်။ မကာကွယ်လို့မရဘူး။ အဲတော့ ပစ်ခတ်မှုတွေဖြစ်တဲ့နေရာကို ကြည့်မယ်ဆိုရင် သူတို့ဌာနချုပ်တွေမှာ တစ်ခုမှမရှိဘူး။ ကျွန်တော်တို့ သူတို့ဌာနချုပ်မှာ ဘာတစ်ခုမှသွားမလုပ်ဘူး။ အတွင်းထဲမှာ ဆက်သွယ်ရေးလမ်းကြောင်းတွေပေါ်မှာ။ ဒါမှမဟုတ် အုပ်ချုပ်မှုအလှမ်းဝေးတဲ့နေရာမှာဖြစ်နေတာကို ခင်ဗျားသတိပြုမိလိမ့်မယ်။ ဒါကြောင့် သူတို့တွေနဲ့ ဒီဟာတွေပေါ်မှာ အလေးထားဆောင်ရွက်မယ်ဆိုရင် အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးနိုင်ဖို့ တစ်လှမ်းမဟုတ်ဘူး။ နှစ်လှမ်းမဟုတ်ဘူး။ သုံးလှမ်းမဟုတ်ဘူး။ အများကြီးခုန်ကျော်ပြီး လှမ်းလို့ရတယ်။

**CNA ။　　။သူတို့ပြောတာကတော့ သူတို့ဘက်က ဒီသဘောတူညီချက်ကို အလေးထားပါတယ်။ တပ်မတော်ဘက်ကသာ အလေးမထားတာပါ။ တပ်မတော်ဘက်ကသာ သူတို့ရဲ့ပိုင်နက်ထဲကို ဝင်ရောက်လို့ ဖြစ်ရတာပါတဲ့။**

ဗိုလ်ချုပ်မှူးကြီး။　။ဒါသူတို့ပြောတာပဲ။ အဲတော့ ပစ်ခတ်မှုမဖြစ်တဲ့နယ်မြေတွေ အများကြီးရှိတယ်။ အဲတော့သူတို့ဘာမှအသံမထွက်ပါဘူး။ ဘာမှမပြောဘူး။ သူတို့လည်း ငြိမ်းချမ်းရေးသွားဖို့အတွက် သူတို့အားသန်နေကြတယ်။ တစ်နေ့ကမှ ကျွန်တော်နဲ့တွေ့ပါတယ်။ တွေ့တဲ့အချိန်မှာလည်း သူတို့တွေအနေနဲ့ ငြိမ်းချမ်းရေးတကယ်လိုချင်တဲ့အကြောင်းကိုပဲ သူတို့ပြောတယ်။ ကျွန်တော်ဆိုလို့ရှိရင်လည်း အကြိမ်ကြိမ်အခါခါပေါ့။ သူတို့ကိုလည်း တိုက်ရိုက်ပြောတာရှိတယ်။ တချို့နေရာတွေမှာ ကျွန်တော်က သူတို့သိအောင် ပြောတာလည်းရှိတယ်။ တကယ့်ကျွန်တော်တို့ရဲ့စိတ်အမှန်ကတော့ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ ကျွန်တော်တို့လိုချင်တယ်။ ဒါကျွန်တော်တို့ရဲ့စိတ်အမှန်ပဲ။

**CNA ။　　။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးစာချုပ်ကို ရွေးကောက်ပွဲမတိုင်ခင်မှာ ထိုးနိုင်ဖို့ ဘယ်လိုမြင်ပါသလဲ။**

ဗိုလ်ချုပ်မှူးကြီး။　။ ကျွန်တော့်ဘက်ကတော့ ထိုးနိုင်မယ်လို့မျှော်လင့်ထားတယ်။ သို့သော် သူတို့ဘက်က အခြေအနေပေါ်လည်းအများကြီး တည်လိမ့်မယ်။ သူတို့ဘက်က ကျွန်တော်တို့ဘက်နဲ့ ညှိနှိုင်းပြီးတော့မှ ရတဲ့အချက်တွေဟာခိုင်ခိုင်မာမာဖြစ်လာပြီဆိုရင် သူတို့လည်း ဒီလမ်းကြောင်းပေါ်မှာပါလာမှာပါ။

**CNA။　　။ဆက်မေးမှာတော့ ဒီလမ်းကြောင်းမတိုင်ခင်မှာ ပင်စင်ယူမှာလား။ ဒါမှမဟုတ် ဒီလိုအခြေအနေတွေပြီးအောင် ဆောင်ရွက်ပြီးမှ ယူမှာလား။**

ဗိုလ်ချုပ်မှူးကြီး။　။ကျွန်တော်တို့စစ်မှုထမ်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေအရ အသက်(၆၀)ပြည့်ရင် အငြိမ်းစားယူပါတယ်။ အဲတော့ ကျွန်တော် အသက်(၆၀)မပြည့်ခင် ဒီကိစ္စတွေပြီးမယ်၊ မပြီးဘူးဆိုတာတော့ အခြေအနေအများကြီးအပေါ်မူတည်နေတယ်။ ကျွန်တော်ပင်စင်မယူခင် Cease Fire လက်မှတ်မထိုးရသေးလို့ ကျွန်တော်ပင်စင်မယူဘူးလို့ သွားလုပ်လို့မရဘူး။ ဥပဒေအတိုင်းပဲ သွားရမယ်။ ဥပဒေက ခွင့်ပြုတဲ့အတိုင်းပဲသွားရမယ်။ ကျွန်တော်အသက် (၆၀) မပြည့်ခင်ဖြစ်ရင်လည်း ဖြစ်သွားမှာပေါ့။ အသက်(၆၀)ပြည့်သွားလို့မဖြစ်ရင်လည်း တာဝန်ရှိတဲ့သူဆက်လုပ်လိမ့်မယ်။ ကျွန်တော်လည်းလုပ်နိုင်တဲ့ကဏ္ဍကနေ ဝိုင်းကူပေးမှာပေါ့။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်ရှိတဲ့အချိန်မှာဖြစ်ချင်တာပေါ့။　။

❒❒

# မိုးညှိုမြို့နယ် ဆင်ဂေါင်းကျေးရွာအုပ်စု တိုက်နယ်ဆေးရုံ ၈၅ ရာခိုင်နှုန်းပြီးစီး

**မိုးညှို　ဇန်နဝါရီ　၂၀**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညှိုမြို့နယ် ဆင်ဂေါင်းကျေးရွာအုပ်စု ရေအိုးစင်ကုန်းရွာ ရေကြီးနစ်မြုပ်မှုမရှိသော မြေနေရာတွင် တိုက်နယ်ဆေးရုံတစ်ခု တည်ဆောက်လျက်ရှိရာ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးရုံသည် ဆင်မနိုင်ကျေးလက် ကျန်းမာရေးဌာနကို အဆင့်မြှင့်တင်ခြင်းမဟုတ်ဘဲ မိုးညှိုမြို့နယ်၏ ဇုန်ငါးခုဖြစ်သော မိုးညှို၊ ထိန်တော၊ ပတ္တော်၊ ရေကင်းနှင့် ဆင်မနိုင်ဇုန်များအနက် ဆင်မနိုင်နယ်မြေတွင် ဆေးရုံမရှိသည့်အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က နိုင်ငံတော်သို့ တင်ပြတောင်းဆိုမှုကြောင့် ကျန်းမာရေးဝန်ကြီးဌာနက ဆေးရုံတည်ဆောက်ရန် ချထားပေးခြင်း ဖြစ်ကြောင်းသိရသည်။

တိုက်နယ်ဆေးရုံသည် နတ်တလင်းမြို့နယ် တာပွန်တိုက်နယ်ဆေးရုံနှင့် ခုနစ်မိုင်ကျော်ကွာဝေးပြီး မိုးညှိုမြို့နယ် ပတ္တော်တိုက်နယ်ဆေးရုံနှင့် ၁၀ မိုင်ခန့်ကွာဝေးသည့်အပြင် ဧရာဝတီမြစ်ကမ်းစပ်နှင့် နှစ်မိုင်ခန့်ကွာဝေး၍ ဆင်မနိုင်ဇုန်နယ်မြေ၏ အချက်အချာကျသောနေရာဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးအရ ကောင်းသောနေရာဖြစ်သည်ဟု ဆင်ဂေါင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းလင်းက ပြောသည်။

ဆေးရုံကို ၂၀၁၄ ခုနှစ် မတ် ၁၅ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ အဆောက်အအုံများအားလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်းနှင့် တိုက်နယ်ဆေးရုံပြီးစီးသွားပါက ကျေးရွာနေပြည်သူများနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူများ၏ ကျန်းမာရေး အတွက် အချိန်တိုအတွင်း ကုသနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။　**(၀၇၁)**

# ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးဆင့်ပွားသင်တန်း မိုးပြဲ၌ဖွင့်

**ဖယ်ခုံ　ဇန်နဝါရီ　၂၀**

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးဆင့်ပွားသင်တန်း(၁/၂၀၁၅)ကို ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက် အထိ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မိုးပြဲကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဖွင့်လှစ်ခဲ့သည်။

ဖယ်ခုံမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၂၁၄ ရွာရှိ ကျေးလက်လူငယ်များ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်ချက်ဖြင့် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၂၀ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအာဗြာဟန်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုထွေး(ဖယ်ခုံ)**

## အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော်　ဇန်နဝါရီ　၂၀**

ယနေ့နံနက် ၉ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီ တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ် ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီး၊ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)နှင့်ကယားပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ပြည်တွင်းရေးရာ

# ပြည်တွင်းငြိမ်းချမ်းရေးအရွေ့ ဘယ်နေ့လဲ

"တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် NCA ကိုသာ လက်မှတ်ထိုးလိုက်မယ်ဆိုရင် နှစ်ဖက်ထိတွေ့မှုတိုက်ပွဲတွေ မရှိသလောက်ကို နည်းသွားလိမ့်မယ်"

ပြည်ထောင်စုဝန်ကြီးဦးအောင်မင်း

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် တွေ့ဆုံခြင်း**

တွေ့ဆုံမေးမြန်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ - ဖိုးထောင်၊ MPC

**မေး။ ။ ပြီးခဲ့တဲ့ ဒီဇင်ဘာလတုန်းက ရန်ကုန်မှာလုပ်တဲ့ UPWC နဲ့ NCCT တို့ရဲ့ ဆွေးနွေးပွဲမှာ နှစ်ဖက်အဖွဲ့က အခုလာမယ့် ဖေဖော်ဝါရီလ ပြည်ထောင်စုနေ့မှာ NCA ကို လက်မှတ်ထိုးနိုင်ဖို့ပြောထားတာရှိတယ်။ အဲဒါလေး လုပ်ဖြစ်နိုင်မလား သိချင်ပါတယ်။**

ဖြေ။ ။ ရန်ကုန်မှာလုပ်မယ့် ဆွေးနွေးပွဲက တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) နဲ့ ချင်းမိုင်မှာ ဆွေးနွေးနေဆဲဖြစ်တဲ့အတွက် မပြတ်သေးဘူးလို့ ပြောလို့ရတယ်။ အဖြေဘယ်လိုထွက်လာမယ်ဆိုတာ ကျွန်တော် မသိသေးဘူး။ အများစုက ငြိမ်းချမ်းရေးကို မြန်မြန်လုပ်ချင်တာပေါ့။ ဦးနိုင်ဟံသာကြီး ထွက်ပြောနေတာကတော့ ပြည်ထောင်စုနေ့မှာ ငြိမ်းချမ်းရေးလက်မှတ်ထိုးဖို့ မဖြစ်နိုင်သေးဘူးပေါ့။ ဒီစကားကို ပြန်ပြောရင်တော့ လက်မှတ်ထိုးတော့ထိုးမယ်။ ဒီရက်တော့ မဖြစ်နိုင်သေးဘူးလို့ ပြောနေတာက မျှော်လင့်ချက်တော့ရှိနေသေးတယ်ဆိုတာပဲပေါ့။ ငြိမ်းချမ်းရေးအတွက် လက်မှတ်မထိုးဘူးဆိုတာတော့ တစ်ယောက်မှမပြောသေးဘူး။ အားလုံးမြင်တဲ့အတိုင်းပဲ။ ရက်ကို အတိအကျပြောလို့ မရနိုင်သေးတာဘဲရှိတယ်။

**မေး။ ။ ခုနစ်ကြိမ်မြောက် UPWC နဲ့ NCCT တို့ရဲ့ တရားဝင်တွေ့ဆုံဆွေးနွေးပွဲ ရန်ကုန်မှာမဟုတ်ဘဲ လိုင်ဇာမှာ လုပ်မယ်လို့ ကြားနေရပါတယ်။ ဘယ်မှာလုပ်ဖြစ်မလဲ သိချင်ပါတယ်။**

ဖြေ။ ။ ကျွန်တော်တို့ အခုတွေ့ဆုံဆွေးနွေးနေတဲ့အဆင့်က လိုင်ဇာတို့၊ မြစ်ကြီးနားတို့ကို ကျော်သွားပြီ။ အခုက တိုင်းရင်းသားအားလုံးပါဝင်ပြီးဆွေးနွေးနေတာ။ ကချင်ကိစ္စ ဆွေးနွေးဖို့ တစ်ခုတည်းဆိုရင် လိုင်ဇာသွားရမယ်။ ကယားကိစ္စတစ်ခုတည်းဆို လွိုင်ကော်သွားရမယ်။ အခုက အဆင့်မြင့်ကစားပွဲတစ်ခုကို ရောက်နေပြီ။ အခုလို အဆင့်မြင့်ကစားပွဲ တွေ့ဆုံဆွေးနွေးပွဲဆိုတာက အားလုံးပိုင်တဲ့ ရန်ကုန်တို့၊ နေပြည်တော်တို့မှာပဲ လုပ်ရမယ်။ အဲဒီလို နေရာတွေမှာလုပ်မယ်ဆိုရင် အုပ်ချုပ်မှုပိုင်းလည်း ကောင်းတယ်။ ရန်ကုန်လို၊ နေပြည်တော်လိုနေရာမျိုးမှာ ဆွေးနွေးပြီးခါမှ တောထဲပြန်ဝင်ပြီး ဆွေးနွေးမယ်ဆိုရင် အဆင့်နိမ့်သွားမှာပေါ့။ တရားဝင်တွေ့ဆုံဆွေးနွေးပွဲတွေကို လိုင်ဇာလိုနေရာ၊ မြစ်ကြီးနားလိုနေရာမှာ လုပ်ဖို့မရှိပါဘူး။ အစီအစဉ် မရှိပါဘူး။

**မေး။ ။ ဝန်ကြီးခင်ဗျာ၊ အခုလက်ရှိ ကချင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ထိတွေ့မှုတွေနဲ့ ပတ်သက်ပြီး UPWC ရဲ့ ဒုတိယဥက္ကဋ္ဌအနေနဲ့ ဘာများပြောဖို့ ရှိမလဲခင်ဗျ။**

ဖြေ။ ။ ကျွန်တော်တို့က ငြိမ်းချမ်းရေးလုပ်နေတာဖြစ်လို့ ဘာတိုက်ပွဲမှ မဖြစ်စေချင်ဘူးပေါ့။ ကျွန်တော် မကြာခဏ ပြောနေတာရှိတယ်။ လူကြီးတွေ ဘယ်လောက်ပဲ ငြိမ်းချမ်းရေးလိုချင်လိုချင် လူငယ်တွေ ထိန်းရတာခက်ပါတယ်။ နှစ်ပေါင်း ၆၀ လောက် တွေ့ကြုံခဲ့တဲ့ကိစ္စကို ချက်ချင်းဖြေရှင်းဖို့ဆိုတာ ခက်ပါတယ်။ အောက်ခြေမှာ နည်းနည်းပါးပါး နားလည်မှုမရှိလို့ တိုက်ပွဲတွေဖြစ်တာတွေ့ပါတယ်။ အချို့နိုင်ငံတွေမှာလည်း ငြိမ်းချမ်းရေးအတွက်လက်မှတ်ရေးထိုးထားရင်တောင် တိုက်ပွဲလေးတွေက ဖြစ်လေ့ဖြစ်ထရှိတယ်။ တိုက်ပွဲဖြစ်တာတွေကို နည်းနည်းကျဲသွားအောင် လုပ်မယ်။ လုံးဝမဖြစ်အောင်လုပ်မယ်။ ထာဝရငြိမ်းချမ်းရေးရအောင် လုပ်မယ်ဆိုပြီး တစ်ဆင့်ပြီးတစ်ဆင့် တက်ရမယ်။

**မေး။ ။ အခုလို ထိတွေ့မှုတွေ ဆက်လက်ဖြစ်ပွားနေတာကို မဖြစ်ပွားဖို့ ဝန်ကြီးတို့ UPWC အနေနဲ့က ဘယ်လိုများ အကြံပြုထားသလဲ ခင်ဗျ။**

ဖြေ။ ။ နှစ်ဖက်စလုံးကတော့ နိုင်ငံလုံးဆိုင်ရာအပစ်အခတ်ရပ်စဲရေးစာချုပ် (Nationwide Ceasefire Accord-NCA) လက်မှတ်မြန်မြန်ထိုးဖို့ အကြံပြုထားတယ်။ နှစ်ဖက်စလုံး လက်မှတ်ရေးထိုးတာနဲ့ NCA မှာ Code Of Conduct ဆိုပြီး နှစ်ဖက်တပ်များ လိုက်နာရမယ့်စည်းကမ်းတွေပါတယ်။ ပြီးရင် နှစ်ဖက်တပ်ကို စောင့်ကြည့်တဲ့အဖွဲ့ (Joint Monitoring) ကော်မတီဆိုတာပါမယ်။ ဘယ်သူမှားတယ်၊ မှန်တယ်ဆိုတာ စောင့်ကြည့်စစ်ဆေးဖို့ပေါ့။ ပြီးရင်တပ်နေရာချထားရေးကိစ္စတွေပါမယ်။ NCA ကိုသာ လက်မှတ်ထိုးလိုက်မယ်ဆိုရင် နှစ်ဖက်ထိတွေ့မှု တိုက်ပွဲတွေ မရှိသလောက်ကို နည်းသွားလိမ့်မယ်လို့ ကျွန်တော့်ဘက်က သုံးသပ်တယ်။ ဒါကြောင့် NCA မြန်မြန်လက်မှတ်ရေးထိုးပါလို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း။

**မေး။ ။ NCA ကိုလာမယ့် ၂၀၁၅ ရွေးကောက်ပွဲအမီ လက်မှတ်ရေးထိုးနိုင်ဖို့ သမ္မတကြီးက ဆန္ဒရှိတယ်ပေါ့။ တကယ်လို့သာ လက်မှတ်မထိုးနိုင်ခဲ့ရင် ဘယ်လိုအကျိုးဆက်တွေရလာနိုင်မလဲ။**

ဖြေ။ ။ ငြိမ်းချမ်းရေးက အဓိကပါ။ ၂၀၁၅ မှာ နိုင်ငံတော်က Peace and Fair Election ဖြစ်အောင် လုပ်ပေးမယ်လို့ ကတိပေးပြီးသား။ ဘယ်လောက် ကတိတွေပေးပေး လုံခြုံမှုအရ အဲဒီဒေသတွေမှာ ရွေးကောက်ပွဲမကျင်းပနိုင်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ။ လက်နက်ကိုင်အဖွဲ့အစည်းတွေလည်း ရှိနေဦးမယ်။ ငြိမ်းချမ်းရေးလည်း မရသေးဘူးဆိုရင် ဖိအားအမျိုးမျိုးနဲ့ ရွေးကောက်ပွဲကို ကျင်းပရမယ်။ ရွေးကောက်ပွဲတော့ ဖြစ်မှာပေါ့။ အဓိကကတော့ ငြိမ်းချမ်းရေးလိုပါတယ်။ ငြိမ်းချမ်းရေးရမှ Peace and Fair ဖြစ်မယ်လို့ အခိုင်အမာပြောလို့ရတယ်။

(အခုလို ဖြေကြားပေးတဲ့ဝန်ကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။)

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များအနေဖြင့် ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရယူရန် ကမ်းလှမ်းခဲ့သည်။ ၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် ထိုင်းနိုင်ငံ မဲဆောက်တွင် KNU နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းမှ စတင်၍ ပြည်တွင်းငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ရန် လုပ်ဆောင်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် လက်ရှိအချိန်ထိ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) ၏ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးညှိနှိုင်းရေးအဖွဲ့ (NCCT)၊ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) ချုပ်ဆိုရန်အတွက် ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

# တပ်မတော်စစ်ကြောင်းများမှ ကံဆီး၊ အောင်ဘာလေကျေးရွာအနီး နယ်မြေရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၂၀**

၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် ကေအိုင်အေ ရင်း(၆)လက်အောက်ခံ စစ်ကြောင်းတစ်ကြောင်းမှ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူးနော်နှင့်လုံခြုံရေး လိုက်ပါလာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သုံးဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ဝန်ကြီးအား ပြန်လွှတ်ပေးခဲ့သော်လည်း ရဲသုံးဦးထံမှ လက်နက်များ သိမ်းဆည်းကာ လက်ထိတ်ခတ် လက်ပြန်ကြိုးတုပ်ပြီး ဖမ်းဆီးခေါ်ဆောင်သွားမှု ဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ရဲတပ်ဖွဲ့ဝင် သုံးဦးအား ဖမ်းဆီးခေါ်ဆောင်သွားသည့် ကေအိုင်အေ ရင်း(၆)ဌာနချုပ်နယ်မြေသို့ နယ်မြေခံတပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းခဲ့သည်။ ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ကေအိုင်အေ ရင်း(၆)မှ အင်အားများ ဖြန့်ခွဲလျက်ရှိသည့် ကျွန်းတော၊ အောင်ဘာလေလမ်းဆုံ၊ အောင်ဘာလေ ကျေးရွာအနီးရှိ ကာကင်းနေရာများအား ရှင်းလင်းပြီး အောင်ဘာလေရွာသို့ ဝင်ရောက်ခဲ့သည်။ ထိုအချိန်တွင် ကျေးရွာသူ ကျေးရွာသားများသည် ထွက်ပြေးတိမ်းရှောင်မှုမရှိဘဲ ကျေးရွာအတွင်း နေထိုင်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် နယ်မြေခံစစ်ကြောင်း၏ တပ်ရင်းမှူးက အောင်ဘာလေကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း၌ ရွာသူရွာသားများအား တွေ့ဆုံပြီး အားပေးစကား ပြောကြားခဲ့သည်။

မိမိတပ်မတော်စစ်ကြောင်း တစ်ကြောင်းသည် အောင်ဘာလေကျေးရွာ၏ အရှေ့ဘက်မိုင်တာ ၆၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် ကေအိုင်အေ (ကချင်)အဖွဲ့မှ အင်အား ၁၅ ဦးခန့်သည် စောင့်ကြိုတိုက်ခိုက်ခဲ့သဖြင့် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး လိုက်လံရှင်းလင်းရာ ပွိုင့်-၅၂၂ တောင်ကုန်း၌ ကေအိုင်အေ အင်အား ၃၀ ခန့်နှင့် ထပ်မံထိတွေ့မှုဖြစ်ပွားခဲ့သည်။

ဇန်နဝါရီ ၁၆ ရက်တွင် ဆက်လက်၍ နယ်မြေရှင်းလင်းခဲ့ရာ ပွိုင့်-၆၇၁ အနီး ရောက်ရှိစဉ် ကေအိုင်အေ(ကချင်) အဖွဲ့မှ အင်အား ၃၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး KIA(ကချင်)အဖွဲ့သည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် ပွိုင့်-၆၇၁ အနီး အခြေပြုနေသော တပ်မတော်စစ်ကြောင်းအား ကေအိုင်အေ (ကချင်)အဖွဲ့ အင်အား ၃၀ ခန့်မှ တိုက်ခိုက်လာသဖြင့် မိမိတပ်မတော် စစ်ကြောင်းက ပြန်လည်တိုက်ခိုက်ရာ အရှေ့ဘက်သို့ ဆုတ်ခွာသွားခဲ့သည်။

ဇန်နဝါရီ ၁၈ ရက်တွင် ပွိုင့်-၆၇၁ မှ ဆက်လက်ရှင်းလင်းရာ ပွိုင့်-၇၀၉ အနီးသို့ ရောက်ရှိစဉ် ကေအိုင်အေ (ကချင်)အဖွဲ့ အင်အား ၅၀ ခန့်က စောင့်ကြိုတိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ယင်းဖြစ်စဉ်တွင် KIA (ကချင်) အဖွဲ့ထံမှ လက်နက်ခဲယမ်းအချို့နှင့် ဆက်သွယ်ရေးစက်များ၊ အခြားပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

တစ်ချိန်တည်းမှာပင် ဇန်နဝါရီ ၁၅ ရက်က လုံးတုံနယ်မြေရှိ နယ်မြေခံ တပ်မတော်စစ်ကြောင်းသည် ရန်သူ ဆုတ်ခွာသွားသော ဟွေလုံ-ညောင်ပင်-လုံးတုံ လမ်းကြောင်းအတိုင်း လိုက်လံရှင်းလင်းရာ နမ့်ပတဲရွာ အနောက်ဘက် နှစ်မိုင်ခန့်သို့ ရောက်ရှိစဉ် ကေအိုင်အေ(ကချင်) အဖွဲ့ အင်အား ၃၀ ခန့်နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့သည်။

ယင်းတိုက်ပွဲ ဖြစ်စဉ်များတွင် မိမိအရာရှိစစ်သည်အချို့ ထိခိုက်ကျဆုံးခဲ့ပြီး ရန်သူထံမှ လက်နက်ခဲယမ်းအချို့၊ ဆက်သွယ်ရေးစက်များနှင့် ဆိုင်ကယ်ငါးစီး၊ ရိက္ခာများနှင့် ကေအိုင်အေယူနီဖောင်း ၄၆ စုံ၊ ကျောပိုးအိတ် ၁၀ လုံး သိမ်းဆည်းရမိခဲ့သည်။

ထိုသို့ အောင်ဘာလေကျေးရွာအနီး တောင်ကုန်းများ၌ တိုက်ပွဲဖြစ်ပွားသဖြင့် ဇန်နဝါရီ ၁၆ ရက်တွင် ရွာသူရွာသားအချို့မှ ပြောင်းရွှေ့လိုကြောင်း တင်ပြလာခဲ့ရာ မိမိတပ်မတော် ကံဆီးစခန်းအနီးရှိ ကံဆီးရွာသစ်သို့ ရွာသူရွာသား ၁၀၀၀ ခန့်အား ပြောင်းရွှေ့ပေးခဲ့ပြီး လိုအပ်သောကူညီစောင့်ရှောက်မှုများ ပေးခဲ့သည်။ ဇန်နဝါရီ ၁၈ ရက် တိုက်ပွဲများ ပြီးဆုံးပြီးနောက်ပိုင်း ကံဆီးရွာဟောင်း ဘုန်းကြီးကျောင်းနှင့် အောင်ဘာလေကျေးရွာတို့တွင် နယ်မြေအတွင်း KIA (ကချင်)အဖွဲ့များ မရှိတော့၍ ရွာသူရွာသားအချို့မှာ ယင်းရွာများတွင် ဆက်လက်နေထိုင်လျက်ရှိပြီး အခြေအနေမှာ တည်ငြိမ်အေးချမ်းလျက်ရှိသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ သတင်းမီဒီယာအချို့တွင် ဇန်နဝါရီ ၁၇ ရက်ထိ တိုက်ပွဲများအတွင်း ဒေသခံ ၂၀၀၀ ခန့် ပိတ်မိနေကြောင်း မဟုတ်မမှန် ရေးသားဖော်ပြထားသည်ကို တွေ့ရှိရသည်။ လက်ရှိအခြေအနေမှာ ဒေသခံရွာသူရွာသားများသည် ၎င်းတို့နေအိမ်များတွင် ဆက်လက်နေထိုင်လိုကြပြီး ကံဆီးရွာသစ်၌ ခေတ္တတိမ်းရှောင်နေသော ရွာသူရွာသား ၁၀၀၀ ခန့်မှာလည်း အောင်ဘာလေရွာနှင့် ကံဆီးရွာဟောင်းသို့ ပြောင်းရွှေ့ရန်ရှိသဖြင့် ၎င်းရွာသူ ရွာသားများအား တပ်မတော်က လိုအပ်သော ဆေးဝါးကုသမှုများနှင့် ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)



အောင်ဘာလေကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင် ရွာသူရွာသားများအား အားပေးစကား ပြောကြားစဉ်။



ပွိုင့်-၇၀၉ တစ်ဝိုက်အား တွေ့ရစဉ်။

# နိုဘယ်-မြန်မာစာပေပွဲတော် နောက်ဆုံးနေ့ စာအုပ်ရောင်းသူ၊ ဝယ်သူ၊ ရေးသူ၊ ဖတ်သူတို့၏ ပီတိစကားများ



**အရှင်ဂန္ဓမာ ဓမ္မာစရိယသင်တန်းသား**
**(အလိုတော်ပြည့်ကျောင်းတိုက်၊ ရန်ကုန်)**

ယနေ့ နိုဘယ်-မြန်မာစာပေပွဲတော်ဆိုတဲ့ ခေါင်းစဉ်နဲ့ လိုက်ဖက်အောင် ကမ္ဘာ့စာပေတွေကော၊ မြန်မာဘာသာပြန်စာပေတွေရော တစုတစည်းတည်းလေ့လာခွင့်ရတဲ့အတွက် ဦးဇင်းတို့လို စာဖတ်ပရိသတ်တွေအတွက် များစွာ အကျိုးကျေးဇူးရှိလှပါတယ်။ ကိုယ်နှစ်သက်တဲ့ ကဗျာဆရာတွေနဲ့ စာရေးဆရာတွေနဲ့ ရင်းနှီးခွင့်ရတဲ့အတွက်လည်း စာဖတ်ပရိသတ်တွေရဲ့ရင်ထဲမှာ ပြောမပြနိုင်အောင်ပင် ပီတိဖြစ်ကြမှာပါ။ ဒီလိုစာပေပွဲတော်ပြုလုပ်လိုက်တဲ့အတွက် မြန်မာနိုင်ငံမှာရှိတဲ့ ရောင်းသူ၊ ဝယ်သူ၊ ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေသူအားလုံးအတွက် အင်မတန်မှကောင်းမွန်တဲ့ အကျိုးကျေးဇူးတွေ ရရှိမယ်ဆိုတာ ပြောချင်ပါတယ်။

**စာရေးဆရာကောင်းသန့်(အမျိုးသားစာပေဆုရ)**

စာဖတ်မှ လူဖြစ်ကျိုးနပ်မယ်။ စာမဖတ်ဘဲနဲ့တော့ ဘာမှမသိဘူး။ မသိဘူး၊ မတတ်ဘူးဆိုလို့ရှိရင် လူအ ဖြစ်မယ်။ လူအ၊ လူနဘဝမှ လွတ်မြောက်ချင်ရင် စာဖတ်ကြပါ။ ဖတ်ရုံနဲ့မရဘူး။ သိချင်တဲ့စိတ်၊ တတ်ချင်တဲ့စိတ်ရှိရမယ်။ အဲလို သိချင်၊ တတ်ချင်စိတ်ရှိလာပြီးတော့ မေးခွန်းတွေ မေးချင်တဲ့စိတ်တွေဖြစ်လာရင် အဲဒီလူဟာတော်လာပြီ။ ဘာမဆို လိုချင်စိတ်ပြင်းပြမှရတယ်။

**ကျော်ကိုဟိန်း**
**(ရန်ကုန်ပညာရေးတက္ကသိုလ်၊ တတိယနှစ်)**

နာမည်ကျော် စာရေးဆရာတွေရဲ့ စာပေစကားဝိုင်းတွေ၊ စာပေဟောပြောပွဲတွေ လာရောက်နားထောင်ရတဲ့အခါမှာ အသိပညာတွေ မျက်စိပွင့်၊ နားပွင့်ဖြစ်ရပါတယ်။ ကျွန်တော်တို့လိုချင်တဲ့ စာအုပ်မျိုးစုံကိုလည်း တစ်နေရာတည်းမှာ ဝယ်ယူလို့ရခဲ့တယ်။ အခုလို စာရေးဆရာကြီးတွေနဲ့ စာပေအကြောင်းအရာတွေ နီးနီးနှောနှောခွင့်ရတာ၊ လေ့လာခွင့်ရတာတွေဟာ ဘာနဲ့မှမလဲနိုင်တဲ့ ဗဟုသုတဟင်းအိုးကြီးပါပဲ။ ဒီလိုပွဲမျိုး နောက်ထပ်လည်း ရချင်ပါသေးတယ်။

**စာရေးဆရာဖေမြင့်**
**(နိုဘယ်-မြန်မာစာပေပွဲတော်ကျင်းပရေး ဥက္ကဋ္ဌ)**

ခုပွဲအောင်အောင်မြင်မြင်ပြီးသွားရင် နောက်နှစ်ကိုရည်မှန်းတာကတော့ မြန်မာကလေးစာပေပွဲတော်လုပ်မယ်။ ကလေးစာပေတွေက ကမ္ဘာမှာလည်းရှိတယ်။ ကလေးတွေက စပြီးတော့ ကိုယ့်လူ့အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ သိသင့်သိထိုက်တာတွေကို ပုံပြင်တွေလိုမျိုး ကလေးစိတ်ဝင်စားလာအောင်၊ သူများနဲ့ရင်ပေါင်တန်းနိုင်အောင်၊ စာဖတ်တဲ့ဓလေ့ကို ကလေးတွေကစပြီး ပျိုးထောင်ပေးမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြုလုပ်သွားဖို့ရှိပါတယ်။

**မမေဇော်သက် ပဥ္စမတန်းကျောင်းသူ(အထက-၂ လသာ)**

သမီးက ဉာဏ်စမ်းပဟေဠိစာအုပ်တွေ၊ ကလေးပုံပြင်စာအုပ်တွေ ဖတ်ရတာကြိုက်ပါတယ်။ ကာတွန်းတွေလည်း ကြိုက်ပါတယ်။ ဟာသလည်းကြိုက်လို့ သမီးဆရာအော်ပီကျယ်တို့၊ လှတောသားတို့ စာအုပ်တွေလည်း ဝယ်လာပါတယ်။ သမီးအကြိုက်ဆုံးကတော့ ဉာဏ်စမ်းပဟေဠိ စာအုပ်ပါပဲ။

"ကျွန်မကလေးအတွက် စာပေပြပွဲမှာ စာအုပ်တွေအတော်များများဝယ်လာပါတယ်။ ခု ဒီသမီးငယ်လေးက စာဖတ်တာ ဝါသနာပါတယ်လေ။ အရမ်းစာဖတ်တာကြိုက်တယ်။ စာအုပ်တွေ မတရားဝယ်တယ်။ အကြီးမဆယ်တန်းကျောင်းသူက သိပ်ဝါသနာမပါဘူးလေ။ သူတို့ကို ယှဉ်ကြည့်လိုက်ရင် သမီးငယ်က စာဖတ်ဝါသနာပါတော့ အတွေးအခေါ် အိုင်ဒီယာပိုင်းမှာ သူက ပိုသာတယ်လေ။ စာအုပ်စာပေ လူ့မိတ်ဆွေပါ။ ကလေးတွေ ဗဟုသုတတိုးဖို့အတွက် ကျွန်မကတော့ စာအုပ်တွေ ဝယ်ပေးနေဦးမှာပါ"ဟု သူ့မမိခင်က ဆက်လက်ပြောသည်။

နိုဘယ်-မြန်မာစာပေပွဲတော်တွင် ပြည်တွင်းပြည်ပစာပေပညာရှင်များရဲ့ စာတမ်းဖတ်ပွဲများ၊ ဟောပြောပွဲများ၊ စာပေစကားဝိုင်းများ၊ ရေးသူဖတ်သူတွေ့ဆုံဆွေးနွေးခြင်းများ၊ ကာတွန်းပြပွဲများ၊ ကဗျာရွတ်ပွဲတော်နှင့် ရသဝတ္ထုရေးစာရေးဆရာများ၏ ဝတ္ထုတိုဖတ်ပွဲများကို ပြုလုပ်ခဲ့ကြသည့်အပြင် စာပေနိုဘယ်ဆုရ စာရေးဆရာမများရဲ့ ဓာတ်ပုံနှင့် မူရင်းစာအုပ်များ၊ ၎င်းစာအုပ်များအား ဘာသာပြန်ဆိုထားသော မြန်မာပြန်လက်ရာ အုပ်ရေ ၁၀၀ ကျော်အား ပြသခဲ့သည်။ ထို့အပြင် ထုတ်ဝေရေးစာအုပ်တိုက်ပေါင်း ၈၀ ကျော် ဆိုင်ခန်းပေါင်း ၁၀၀ ခန့်ဖြင့် စာအုပ်မျိုးစုံကို အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြသည်။

**ဒေါ်ဝိုင်းဝိုင်း(ကုံကော်ဥယျာဉ်စာပေ)**

စာအုပ်တွေ အရမ်းရောင်းရပါတယ်။ လက်မလည်အောင်ပါပဲ။ စာအုပ်တွေ ရောင်းတယ်ဆိုတာ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့အလုပ်ပါ။ သူ့ခေတ်နဲ့သူတော့ စာအုပ်တွေ အားလုံးက ရောင်းနေရတာပဲ။ ဒီပွဲအတွက် နိုဘယ်စာအုပ်တွေ ၁၀၀ ကျော်လောက် ထုတ်ထားတယ်။ နိုဘယ်ပွဲတော်ဆိုတော့ နိုဘယ်နဲ့ပတ်သက်တဲ့ စာအုပ်တွေက ပိုရောင်းရတာပေ့ါ။ အကြိုက်မတူကြသလို စိတ်ဝင်စားမှုတွေကလည်း မတူကြဘူးလေ။ သူ့ခေတ်နဲ့သူ့စာပေဆိုတော့ စာပေကိုနှစ်သက်တဲ့ အရွယ်သုံးပါးလုံး လာဝယ်ကြပါတယ်။ ကဗျာဆရာများသမဂ္ဂ စာအုပ်အရောင်းဆိုင်က ကြော်ငြာထားတာကတော့ "စာအုပ်ရောင်းရငွေများ လျာထားချက်ထက် ကျော်လွန်၍ ဆိုင်ကိုစောစောပိတ်ပါတယ်"။ ညနေပိုင်းတွင် စာရေးဆရာများ၏ ပြဇာတ်နှင့်အတူ သီးလေးသီးအဖွဲ့သားတွေက ကပြဖျော်ဖြေခဲ့ကြပါတယ်။

နိုဘယ်-မြန်မာပွဲတော်ကို မြန်မာစာရေးဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ စာကြည့်တိုက်ပညာရှင်များ၊ ပန်းချီ၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံ၊ ဒီဇိုင်း ဆရာ ဆရာမများ၊ စာအုပ်စာနယ်ဇင်း ထုတ်ဝေသူ၊ ဖြန့်ချိသူများ၊ စာအုပ်စာပေကိစ္စတွင် စိတ်အားထက်သန်သည့် သဘင်-ဂီတ-သရုပ်ဆောင် ပညာရှင်များ၊ စာပေဝါသနာရှင်များမှ စုပေါင်း၍ မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်ဖြင့် နိုဘယ်-မြန်မာစာပေပွဲတော်ကို ဇန်နဝါရီ ၁၇ ရက်မှ စတင်၍ အမျိုးသားပြဇာတ်ရုံ၌ ပြုလုပ်ခဲ့ရာ နောက်ဆုံးနေ့ စာအုပ်ရောင်းသူ၊ ဝယ်ယူ၊ ရေးသူ၊ ဖတ်သူ၊ တက်ရောက်သူတို့၏ ပီတိစကားများကို ဖော်ပြလိုက်ရပါသည်။

**သန့်ဇင်ဝင်း၊ ခင်ဇာလီ**

# အသက်ကယ် ရေးဦးသူနာပြုစုခြင်း လက်တွေ့ဆောင်ရွက်



**မန္တလေး ဇန်နဝါရီ ၂၀**

ချမ်းမြသုခလူမှုကူညီရေးအသင်းမှ အသင်းသားများအား အသက်ကယ်ဆယ်ရေး ရှေးဦးသူနာပြုစုနည်း လက်တွေ့သင်ခန်းစာပြုလုပ်ခြင်းကို ဇန်နဝါရီ ၁၉ ရက်က မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ဦးပိန်တံတားအောက်တွင် ပြုလုပ်သည်။ အဆိုပါလက်တွေ့ဆောင်ရွက်ခြင်းအတွက် မြဝတီခရိုင် လူမှုကူညီရေးအသင်းမှ သင်တန်းနည်းပြ ၂၀ က ဦးဆောင်ကာ ချမ်းမြသုခ လူမှုကူညီရေးအသင်းမှ အသင်းသူ အသင်းသား ၈၆ ဦးတို့က အသက်ကယ်ဆယ်ရေး ရှေးဦးသူနာပြုစုနည်း လက်တွေ့ဆောင်ရွက်ကြသည်။

အဆိုပါ အသက်ကယ်ဆယ်ရေး ရှေးဦးသူနာပြုစုမှု အထူးမွမ်းမံသင်တန်းအား မြဝတီခရိုင် လူမှုကူညီရေးအသင်းမှ ဦးစီး၍ ဇန်နဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ သင်ကြားပို့ချပေးသည့် သင်တန်းဖြစ်ကာ အရေးပေါ်အခြေအနေတွင် ရှေးဦးသူနာပြုစုနည်းဖြင့် လူ့အသက်ကို ကယ်ဆယ်နိုင်သည့် သင်ခန်းစာများကို သင်ကြားပေးသည်။ လက်တွေ့ဆောင်ရွက်ခြင်းတွင် မြေပြင်၌ တွေ့ဆုံရမည့် အခြေအနေများကို သရုပ်ပြကာ သိသင့်သိထိုက်သည်များကို သင်ကြားပေးပြီး လက်တွေ့ဆောင်ရွက်ကြခြင်းဖြစ်သည်ဟု ချမ်းမြသုခဆေးခန်း တာဝန်ခံ ဦးခင်မောင်သန်းက ပြောကြားခဲ့သည်။

သင်တန်းတွင် လည်ပင်းရိုးကျိုးသူများအား သယ်ဆောင်ရမည့် အချက်များ အပါအဝင် အရေးပေါ်ထိခိုက်မှုများ ကိုင်တွယ်ရာတွင် အရေးပါပုံများ သင်ကြားပေးသကဲ့သို့ အရေးပေါ် အခြေအနေများတွင် ရှေးဦးသူနာပြုစုပေးရသည်များကို စာတွေ့လက်တွေ့သင်ကြားပေးသည်။ အရေးပေါ်ထိခိုက်မှုဖြစ်သော လည်ပင်းရိုးကျိုးခြင်း၊ အရိုးကျိုးခြင်း၊ အသားအတွင်း ချွန်ထက်သောအရာ ဖောက်ဝင်ခြင်း၊ သွေးထွက်များခြင်းကြောင့် အသက်မသေသင့်ဘဲ သေနေသည်များကို တွေ့ရှိရသောကြောင့် မြဝတီအဖွဲ့မှလာရောက်ကာ အထူးမွမ်းမံသင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း မြဝတီခရိုင် လူမှုကူညီရေးအသင်း သင်တန်းနည်းပြ ဦးလှထွန်းက ပြောသည်။

အဆိုပါသင်တန်းအား ရန်ကုန်တွင် နှစ်ကြိမ်၊ တွံတေးမြို့တွင် နှစ်ကြိမ်၊ ပဲခူးယကုန်းတွင်တစ်ကြိမ် ပို့ချပေးခဲ့ပြီး ယခုပို့ချသောသင်တန်းသည် အထက်မြန်မာပြည်တွင် ပထမအကြိမ် ဖြစ်သည်ဟု သိရသည်။ ဆက်လက်ပြီး ပြင်ဦးလွင်၊ ပခုက္ကူ၊ မိတ္ထီလာ၊ မတ္တရာ၊ ကျိုက်ထို၊ ဘားအံမြို့များသို့လည်း သွားရောက်ပို့ချပေးမည်ဖြစ်ပြီး သင်ကြားသင်ယူလိုသည့် လူမှုရေးကူညီရေး အသင်းများအနေဖြင့် ဖုန်းနံပါတ် ၀၉-၄၉၇၇၇၃၆၀ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(၀၀၂)

# မုံရွာမြို့နယ်တွင် ဘိုကာရှီ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း လက်တွေ့ကွင်းဆင်းသရုပ်ပြ

**မုံရွာ ဇန်နဝါရီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျှော့ချရေးအစီအစဉ်ဖြင့် သဘာဝပိုးမွှားကာကွယ်ဆေးနှင့်သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲခြင်း၊ နည်းပညာပေးလက်တွေ့ကွင်းဆင်းသရုပ်ပြခြင်းကို ဇန်နဝါရီ ၁၅ ရက်က မုံရွာမြို့နယ် ဇလုပ်ကျေးရွာမှ တောင်သူဦးအောင်ကျော်၏ ပေါင်းစည်းလယ်ယာ စိုက်ခင်း၌ လက်တွေ့ပြုလုပ်ပြသခဲ့သည်။

ယင်းသဘာဝမြေဩဇာ လက်တွေ့ပြုလုပ်သုံးစွဲနည်းပြပွဲသို့ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဇလုပ်ကျေးရွာမှ တောင်သူများနှင့် သင်တန်းသား သင်တန်းသူများ အပါအဝင် ၂၅ ဦးတက်ရောက်ခဲ့ကြပြီး မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အမာကြည်က ဘိုကာရှီသဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဘိုကာရှီသဘာဝ မြေဩဇာပြုလုပ်သုံးစွဲနည်းလက်တွေ့ပြသပွဲသို့ တက်ရောက်လာသည့် တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်အမာကြည်က ရှင်းလင်းဖြေကြားခဲ့သည်။

လက်တွေ့ပြသပွဲသို့ တက်ရောက်လာသူ တောင်သူတစ်ဦးကလည်း "ဘိုကာရှီ မြေဩဇာပြုလုပ်ခြင်းဟာ ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်လည်းရရှိနိုင်တာကြောင့် ဒီဘိုကာရှီ မြေဩဇာကိုပဲ ပြုလုပ်သုံးစွဲမယ်လို့ ဆုံးဖြတ်ထားပါတယ်" ဟု ယင်းသရုပ်ပြပွဲတွင် ပြောပြသည်။

**အောင်ဆွေ(ခရိုင် ပြန်/ဆက်)**



# စာပေအလွယ်တကူဖတ်မှတ်နိုင်အောင် သွားလာရလွယ်ကူသည့်နေရာ အမျိုးသားပြတိုက်တွင် အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၀**

၂၀၁၄ ခုနှစ်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် သုတ၊ ရသစာအုပ်၊ စာတမ်းပေါင်း တစ်သောင်းနှစ်ထောင်ခန့် ပါဝင်သည့် အမျိုးသားစာကြည့်တိုက်ခွဲ (ရန်ကုန်)ကို ပြည်လမ်းရှိ အမျိုးသားပြတိုက် ပထမထပ်တွင် ယနေ့ဖွင့်လှစ်လိုက်သည်။

"ပြည်သူတွေ အလွယ်တကူ စာပေဖတ်ရှုလို့ရအောင် သွားလာရလွယ်ကူတဲ့နေရာမှာ စာကြည့်တိုက်ခွဲဖွင့်လှစ်လိုက်တာဖြစ်ပါတယ်။ ပညာခေတ်ရောက်လာပါပြီ၊ ကမ္ဘာမှာ ကြွယ်ဝချမ်းသာတဲ့ နိုင်ငံအားလုံးဟာ ပညာတတ်နိုင်ငံတွေပဲ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ကိုလည်း ဒီလိုပဲ အသိပညာရှင်၊ အတတ်ပညာရှင်တွေများလာအောင် စာတွေများများဖတ်စေချင်တဲ့ အတွက် အခုလို စီစဉ်လိုက်တာဖြစ်ပါတယ်" ဟု သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က ပြောသည်။

e-books များကိုလည်း ဖတ်ရှုနိုင်အောင် စီစဉ်ထားမည်ဖြစ်ပြီး မိမိဖတ်လိုသည့်စာအုပ်ကို ကွန်ပျူတာဖြင့် ရှာဖွေသည့်စနစ်ကိုလည်း ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

"ပေ၊ ပုရပိုက်ဆိုရင် အခုခေတ်ကလေးတွေ မမြင်ဖူးကြဘူး။ သိလည်း မသိကြဘူး။ ပေ၊ ပုရပိုက်က ဘယ်လိုပုံစံ၊ ဆက်စပ်ပစ္စည်းတွေက ဘာတွေရှိတယ်ဆိုပြီး မြန်မာစာပေယဉ်ကျေးမှုအစကို ပြချင်တဲ့အတွက် ရှားပါးစာအုပ်တွေ၊ ပေ၊ ပုရပိုက်တွေကို ပြသထားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ကလေးများစာဖတ်သည့် အခြေခံကောင်းများရရန် အမျိုးသားပြတိုက် ဒုတိယထပ်တွင် ကလေးစာကြည့်တိုက်ကိုလည်း ဖွင့်လှစ်ထားမည်ဖြစ်သည်။ "ကလေးတွေ ပညာ၊ ဗဟုသုတရအောင် ကလေးစာကြည့်တိုက်ကိုပါ စီစဉ်ခြင်းဖြစ်ပါတယ်။ လောလောဆယ် ကလေးစာအုပ်တွေ ပဲထားနိုင်သေးတယ်။ နောင်ကို စိတ်ဝင်စားဖွယ်ဖြစ်စေမယ့် ပုံပြောခြင်း၊ ပန်းချီဆွဲခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ကစားပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ အစီအစဉ်တွေကိုပါ ထည့်ပေးဖို့ရှိပါတယ်"ဟု အမျိုးသားစာကြည့်တိုက်(ရန်ကုန်) ညွှန်ကြားရေးမှူး ဒေါ်မြဦးက ပြောသည်။

အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)ကို တနင်္လာနေ့မှ သောကြာနေ့ထိ ရုံးဖွင့်ရက်များတွင် ဖွင့်လှစ်ထားမည်ဖြစ်သည်။ အမျိုးသားစာကြည့်တိုက်သည် တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးနှင့်ဆိုင်သည့်အတွက် မည်သူမဆို ဝန်ထမ်းကတ်(သို့မဟုတ်)နိုင်ငံသားစိစစ်ရေးကတ်ပြားစသည့် တစ်ခုခုဖြင့် အခမဲ့ဖတ်ရှုနိုင်မည်ဖြစ်သည်။ စာအုပ်ငှားရမ်းခွင့်မပြုသေးကြောင်းနှင့် မိတ္တူကူးလိုပါက စာကြည့်တိုက်၏ထုံးစံအရ စာအုပ်၏သုံးပုံတစ်ပုံကို သက်သာသည့်နှုန်းထားဖြင့် ကူးနိုင်ကြောင်း သိရသည်။

အမျိုးသားစာကြည့်တိုက်သည် ၁၉၅၂ ခုနှစ် ယဉ်ကျေးမှုဝန်ကြီးဌာန စတင်တည်ထောင်ချိန်တွင် နိုင်ငံတော်စာကြည့်တိုက်ဆိုသည့် အမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်အဖြစ် အမည်ပြောင်းလဲခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ပထမဦးဆုံး အမျိုးသားစာကြည့်တိုက် မြေနေရာနှင့် အဆောက်အအုံကို တာမွေမြို့နယ်တွင် ရရှိခဲ့သည်။ သို့သော် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကြောင့် အမျိုးသားစာကြည့်တိုက်အဆောက်အအုံ၏ အစိတ်အပိုင်းအများစု ပျက်စီးခဲ့ရပြီး ယခုနေရာ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း၊ သီရိမင်္ဂလာ ရိပ်သာလမ်းသွယ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အမျိုးသားစာကြည့်တိုက်(နေပြည်တော်)ကိုလည်း ထပ်မံဖွင့်လှစ်ခဲ့သည်။ ခေတ်အဆက်ဆက် မှတ်တမ်းတင်ထားသည့် စာအုပ်စာတမ်းများနှင့် ဗဟုသုတဖြစ်ဖွယ် စာအုပ်စာတမ်းပေါင်း ရှစ်သိန်းခန့်ရှိသည့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သည် လူသိနည်းနေခြင်း၊ သွားလာရခက်ခဲခြင်း တို့ကြောင့် စာကြည့်တိုက်ခွဲအဖြစ် ယခုကဲ့သို့ ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

**သတင်း - နန္ဒာဝင်း**
**ဓာတ်ပုံ - ရဲထွင်**



အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)အတွင်း စာအုပ်၊ စာနယ်ဇင်းများ၊ Online Public Sccess Catalogue၊ ကလေးစာဖတ်ခန်းများ တွေ့ရစဉ်။

# ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**ပြည် ဇန်နဝါရီ ၂၀**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြည်ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလွင်ဦးသည် ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ပြည်ခရိုင်အတွင်းရှိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ မြို့နယ်လျှပ်စစ်မှူးရုံး ၁၃ ရုံးတို့ရှိ ဝန်ထမ်းအင်အား၊ ပြင်ပအင်အားတို့ပူးပေါင်း၍ ပြည်မြို့နယ်အတွင်း ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းကြွခိုင်ရေးအတွက် တိုင်မတ်ခြင်း၊ ကြိုးတင်းခြင်း၊ လိုင်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ထရန်စဖော်မာကြွခိုင်ရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် အကျိုးသက်ရောက်မှုအနေဖြင့် ဓာတ်အားလိုင်းများပြတ်ကျသည့် အန္တရာယ်မှကင်းဝေးပြီး ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေခြင်းနှင့် ဓာတ်အားပြတ်တောက်မှုလျော့နည်း၍ ဗို့အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄၃)**

# ပျက်စီးယိုယွင်းလျက်ရှိသော စာကြည့်တိုက်လေး ပြန်လည်ရှင်သန်စေလို

**ရန်ကုန် ဇန်နဝါရီ ၂၀**

ကြည့်မြင်တိုင်တစ်ဖက်ကမ်း စက်ဆန်းရပ်ကွက် ဘုန်းတော်ကြီးကျောင်း အနီးတွင် ၂၀၀၃ ခုနှစ်ကတည်ထောင်ထားသော ရပ်ကွက်စာကြည့်တိုက်သည် နာဂစ်မတိုင်မီက လူများတက်ရောက်၍ အိမ်သဖွယ်နေထိုင်ခဲ့ခြင်းနှင့် နာဂစ်တိုက်ခတ်ခြင်းများကြောင့် ပျက်စီးယိုယွင်းမှုများရှိနေကြောင်း ရပ်ကွက်နေသူတစ်ဦးက ပြောကြားသည်။

တက္ကသိုလ်ကျောင်းသားတစ်ဦးက "ရဲစခန်း၊ ကျန်းမာရေးဌာန၊ အထက်တန်းကျောင်း၊ မီတာရုံးနဲ့ ဘုန်းတော်ကြီးကျောင်း၊ နောင်ဖွင့်လှစ်မယ့် တိုက်နယ်ဆေးရုံစတဲ့ အချက်အချာနေရာတွင် စာကြည့်တိုက်တစ်ခုတော့ ရှိသင့်ပါတယ်။ စာကြည့်တိုက်ရှိနေဖို့ကိုလည်း စာကြည့်တိုက်ပညာကျွမ်းကျင်သူများနဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေက စနစ်တကျကိုင်တွယ်ပြီး စက်ဆန်းရပ်ကွက်မှာရှိနေတဲ့ ယခင်စာကြည့်တိုက်ဟောင်းကို ပြန်လည်ရှင်သန်တင့်တယ်စေပါတယ်" ဟု ပြောကြားသည်။

ထိုစာကြည့်တိုက်အား သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်မွမ်းမံပြီး စာကြည့်တိုက်အသွင်သဏ္ဌာန်ကို ဖော်ဆောင်ရှင်သန်စေလိုကြောင်းလည်း ရပ်ကွက်အတွင်းနေထိုင်သူ သက်ကြီးတစ်ဦးက ၎င်း၏ဆန္ဒကိုပြောပြခဲ့သည်။

စာကြည့်တိုက်များသည် ဘဝ၏ ဒုတိယတက္ကသိုလ်ဟုတင်စား၍ နိုင်ငံတော်မှ စာကြည့်တိုက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရှင်သန်ရေးကို ကြိုးစားနေချိန်တွင် ယခုကဲ့သို့ တည်ရှိပြီးစာကြည့်တိုက်များ ပျက်စီးပျောက်ဆုံးမသွားစေရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက စုပေါင်းထိန်းသိမ်းသင့်ပါသည်။ **(ရွှေတိုင်လွင်)**

# ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် အမှတ်စဉ် (၁/၂၀၁၅) သင်တန်းဆင်း

**ရန်ကုန် ဇန်နဝါရီ ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းအမှတ်စဉ် (၁/၂၀၁၅)သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက်က လှိုင်သာယာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းဗိုလ်၊ ဥရောပသမဂ္ဂအဖွဲ့မှ Mr. Tom Patterson၊ အရှေ့ပိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေး၊ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းရှိန်၊ လှိုင်သာယာမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းမြင့်ဦးပါ တပ်ဖွဲ့ဝင်ခြောက်ဦး၊ လှိုင်သာယာရပ်ကွက်/ကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူး ၂၉ ဦး၊ သင်တန်း နည်းပြအရာရှိများ၊ သင်တန်းသားအခြားအဆင့်များ၊ စုစုပေါင်း ၆၀ တို့တက်ရောက်ခဲ့ပြီး အခမ်းအနားတွင် ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းဗိုလ်နှင့် EU မှ Mr.Tom Patterson တို့မှ အသီးသီးအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **(၃၂၉)**

# စည်းကမ်းမဲ့အမှိုက်များပစ်မှုကြောင့် အန္တရာယ်နှင့်နီးကပ်နေသည့် ခရီးသည်တင်စက်တပ်ရေယာဉ်များ

**ရန်ကုန် ဇန်နဝါရီ ၂၀**

ကြည့်မြင်တိုင်မြို့နယ် ဗားကရာကမ်းနားဆိပ်ရှိ အုန်း၊ ငှက်ပျော ရောင်းဝယ်ဖောက်ကားသူများသည် ငှက်ပျောရွက်အလက်များကို စနစ်တကျစွန့်ပစ်ခြင်း မပြုလုပ်ဘဲ လွယ်လင့်တကူမြစ်ထဲသို့ စွန့်ပစ်ကြခြင်းကြောင့် လှိုင်မြစ်အတွင်း ကူးလူးသွားလာနေကြသော ခရီးသည်တင်စက်တပ်ရေယာဉ်များတွင် ပန်ကာရွက်များနှင့် ရစ်ပတ်မှုများ မကြာခဏကြုံတွေ့နေရကြောင်း သိရသည်။

စက်သမ္မန်များအနေဖြင့် ခရီးသည်တင်၍ ထွက်ရှိရသောနေရာဝန်းကျင်၌ ကုန်တင်သင်္ဘောများရှိသည့်အပြင် ကျောက်ချထားသောသင်္ဘောများနှင့် ဗောတံတား၌ ရပ်နားထားသော စီဘီဖလက်တွဲများရှိခြင်းကြောင့် အန္တရာယ်နှင့်အလွန်နီးကပ်ကြောင်းကို ရေလမ်းခရီးသွားများထံမှ ကြားသိရသည်။

ထိုသို့ အမှိုက်များစည်းမဲ့ကမ်းမဲ့စွန့်ပစ်ထားခြင်းကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ထိရောက်စွာအရေးယူပေးသွားမည်ဆိုလျှင် စက်တပ်ခရီးသည်တင်ယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်မည်ဖြစ်ကြောင်း ခရီးသွားပြည်သူများထံမှ ကြားသိရသည်။ **(ရွှေတိုင်လွင်)**

# ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများအမှတ်တရနေ့ ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၀**

"ယခုအခါ ကျွန်တော်တို့နိုင်ငံမှာ မော်တော်ယာဉ်အစီးရေ ခြောက်သိန်းကျော်အထိရှိလာပြီး ရန်ကုန်တိုင်းဒေသကြီးမှာ လေးသိန်းကျော်ခန့်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့လူဦးရေ ၅၁ သန်းကျော်ရှိပြီဖြစ်ပါတယ်။ ဒီလို လူဦးရေ၊ ယာဉ်စီးရေတိုးတက်များပြားလာတာနဲ့အမျှ ယာဉ်တိုက်မှုတွေကြောင့် ထိခိုက်ဒဏ်ရာရမှု၊ အသက်ဆုံးရှုံးမှုတွေဟာလည်း တိုးတိုးပြီးဖြစ်ပွားလာတာ တွေ့မြင်ရပါတယ်။ နေ့စဉ်လမ်းအသုံးပြုသူတွေဟာ အချိန်တန် အိမ်ပြန်မရောက်ကြဘဲ ယာဉ်မတော်တဆမှုကြောင့် မိသားစုအတွင်း ကြေကွဲဖွယ်ရာဖြစ်ရပ်များဟာ ကမ္ဘာတစ်ဝန်း နေ့စဉ်လိုလိုဖြစ်နေတာ တွေ့မြင်ရပါတယ်။ လူပေါင်းများစွာ ဆေးရုံမှာလူနာအဖြစ်၊ တချို့ဆိုလျှင် တစ်သက်လုံး ဒုက္ခိတဖြစ်ရတာဟာ စိတ်မချမ်းမြေ့ဖွယ်ရာ အဖြစ်အပျက်တွေပါပဲ။ ဒီထက်မက စိတ်ပိုင်းဆိုင်ရာခံစားမှု၊ ကျန်ရစ်သူမိသားစုအတွက် လူမှုရေးဆုံးရှုံးမှုပမာဏဟာ တွက်ချက်တိုင်းတာလို့မရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ သေဆုံးဒဏ်ရာရရှိသူတွေဟာ အိမ်ထောင်စုတစ်ခုကိုဦးစီးပြီး မိသားစုဝင်ငွေကို ရှာဖွေနေကြသူများဖြစ်ပါက ကျန်ရစ်သူမိသားစုရဲ့ဘဝကို များစွာထိခိုက်ဆုံးရှုံးရမှာဖြစ်ပါတယ်။ ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူများအနက် အသက်(၁၆)နှစ်မှ (၂၉)နှစ်အကြား လူငယ်များ အများဆုံးတွေ့မြင်ရပြီး သေဆုံးသူများအနက် ၉၀ ရာခိုင်နှုန်းဟာ ဝင်ငွေနည်းတဲ့တိုင်းပြည်နဲ့ အလယ်အလတ်ဝင်ငွေရှိတဲ့တိုင်းပြည်များမှာ ဖြစ်ပွားလျက်ရှိကြောင်း တွေ့မြင်ရပါတယ်။ မြန်မာနိုင်ငံရဲ့ ယာဉ်မတော်တဆမှုစာရင်းကိုကြည့်မယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးတို့မှာ ဖြစ်ပွားတဲ့ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများမှာ တစ်နိုင်ငံလုံးအတိုင်းအတာရဲ့ ထက်ဝက်ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း လမ်းအသုံးပြုသူများ၊ ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာ၊ မသန်စွမ်းဖြစ်မှုကို ရှောင်ကြဉ်နိုင်ဖို့အတွက် အဓိကထားပြီး ပညာပေးဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ ဆဋ္ဌမအကြိမ်မြောက်ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများ အမှတ်တရနေ့ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ပါမောက္ခ/ဌာနမှူး ဒေါက်တာသစ်လွင်က ကုလသမဂ္ဂကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သဝဏ်လွှာအားဖတ်ကြားပြီး ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးကျော်စိုး၊ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး(ရန်ကုန်) ဒုတိယရဲမှူးကြီးလင်းထွဋ်၊ ဦးလှအောင် ဥက္ကဌ(မထသ)ဗဟိုနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရိုးရောဂါပညာဌာန၊ ပါမောက္ခ/ဌာနမှူး ဒေါက်တာသစ်လွင်တို့က အလှူရှင်များကိုယ်စားထောက်ပံ့ငွေများကို ယာဉ်တိုက်မှုကြောင့် မသန်စွမ်းသူများအား ပေးအပ်သည်။

ယင်းနောက် ယာဉ်တိုက်မှုကြောင့် မသန်စွမ်းသူတစ်ဦးဖြစ်သူ ဒေါက်တာနေမျိုးလင်းက ယာဉ်မတော်တဆမှုကြောင့် ကိုယ်တွေ့ခံစားနေရမှုများကို ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများက ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများအား ဆုတောင်းမေတ္တာပို့သကြသည်။

**အေးကို(သတင်းစဉ်)**

# အိုင်အက်စ်အဖွဲ့မှ ဂျပန်လူမျိုးနှစ်ဦးကို ဖမ်းဆီးထားကြောင်း ဗီဒီယိုထုတ်လွှင့်၍ ခြိမ်းခြောက်



**ဒူဘိုင်း ဇန်နဝါရီ ၂၀**

အီရတ်နှင့် ဆီးရီးယားတွင် ခြေကုပ်ယူထားသော အစ္စလာမ့်နိုင်ငံတော် စစ်သွေးကြွအုပ်စုက ဖမ်းဆီးထားသော ဂျပန်လူမျိုး နှစ်ဦး၏ ပုံနှင့် ဂျပန်အစိုးရထံမှ ၎င်းတို့၏ အသက်များကို ကယ်ဆယ်ရန်အတွက် အမေရိကန် ဒေါ်လာ သန်း ၂၀၀ တောင်းဆိုထားသော ဗီဒီယိုကို အွန်လိုင်းမှနေ၍ အင်္ဂါနေ့က ထုတ်လွှင့်ခဲ့ကြောင်း သိရသည်။

လိမ္မော်ရောင်ဝတ်စုံများကိုဝတ်ဆင်ထားပြီး ဒူးထောက်ထိုင်နေသော လူနှစ်ဦး၏ နံဘေးတွင် ကန္တာရဝတ်စုံဝတ်ကာ မျက်နှာဖုံးအနက်စွပ်ထားပြီး ဓားကိုင်ထားသူက အစ္စလာမ့်သမ္မတနိုင်ငံကို ဆန့်ကျင်နေသော အမေရိကန် ဦးဆောင်သည့် စစ်ဆင်ရေးများမှာ အချိန်ဖြုန်းနေသလို ဖြစ်သည့်အတွက် မိုက်မဲသော ထောက်ခံမှုများကို ရပ်ဆိုင်းရန် ဂျပန်အစိုးရကို ဖိအားပေးဖို့ ၇၂ နာရီ အချိန်ရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်္ဂလိပ်ဘာသာစကားဖြင့် ပြောကြားသူ စစ်သွေးကြွမှ သန်း ၂၀၀ ဟူသော ငွေကြေးပမာဏကိုသာ ပြောကြားတောင်းခံခဲ့သော်လည်း အာရပ်ဘာသာဖြင့် စာတန်းထိုးရာတွင် အမေရိကန်ဒေါ်လာဟု ပြဆိုထားခဲ့သည်။ ဖမ်းဆီးခံထားရသူနှစ်ဦးမှာ ဟာရူနာရျူကာဝါနှင့် ကင်ဂျီဂိုတိုတို့ ဖြစ်ကြောင်း ဗီဒီယိုမှတစ်ဆင့် သိရှိခဲ့သည်။

ဗီဒီယိုတွင် ရက်စွဲမပါရှိသော်လည်း ဂျပန်နိုင်ငံဝန်ကြီးချုပ်မှ ဇန်နဝါရီ ၁၇ ရက်က ကိုင်ရိုသို့ အလည်အပတ်သွားရောက်စဉ် အစ္စလာမ့်နိုင်ငံတော်အဖွဲ့ကို တိုက်ခိုက်နေသော နိုင်ငံများအတွက် စစ်ဘက်ဆိုင်ရာမဟုတ်သည့် အထောက်အပံ့များအတွက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကူညီပေးရန် ကတိကဝတ်ပြုခဲ့သည်။ ရှင်ဇိုအာဘေး သည် အင်္ဂါနေ့က ဒေသဆိုင်ရာခရီးစဉ်အဖြစ် ဂျေရုဆလင်မြို့တွင် ရှိနေသည်။

တိုကျိုရှိ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆိုပါ ဗီဒီယိုမှာ အစစ်အမှန်ဟုတ်၊ မဟုတ် စစ်ဆေးနေကြောင်းနှင့် ဤသို့ ဓားစာခံအဖြစ် ဖမ်းဆီးထားခြင်းကို လက်ခံနိုင်ဖွယ် မရှိကြောင်းနှင့် အလွန်အမင်း စိတ်ပျက်မိကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ။**

# ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး တောင်ကိုရီးယားအစိုးရအဖွဲ့ အစီအစဉ်ချမှတ်

**ဆိုးလ် ဇန်နဝါရီ ၂၀**

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို မြှင့်တင်နိုင်ရန်အတွက် အပန်းဖြေစခန်း နှစ်ခုကို ယခုနှစ်အတွင်း တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါ အပန်းဖြေစခန်းနှစ်ခုတွင် ဟိုတယ်များအပြင် ကာစီနို လောင်းကစားခန်းမများနှင့် အကောက်ခွန်လွတ်အရောင်းဆိုင်များလည်း ပါဝင်မည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။



ယောင်ဆောင်ဒေသရှိအမေရိကန် စစ်စခန်းဟောင်းတည်ရှိခဲ့ရာ နေရာဟောင်းနှင့် ဂန်နမ်းဒေသရှိ နိုင်ငံပိုင်ကိုရီးယား လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်း တည်ရှိခဲ့ရာနေရာဟောင်းတို့တွင် မြေယာဖွံ့ဖြိုးရေးလုပ်ငန်း တည်ဆောက်ရန် ရွေးချယ်ထားကြောင်း အစိုးရတာဝန်ရှိသူများက ပြောကြားကြသည်။

တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ယှဉ်ပြိုင်နိုင်စွမ်းတို့ကို မြှင့်တင်နိုင်ရေးအတွက် ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုကို ဝမ် ၂၅ ထရီလီယံ အထိမြှင့်တင်နိုင်ရန် အစီအစဉ်ရေးဆွဲဆောင်ရွက်သွားမည်ဟု အစိုးရအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြေယာဝန်ကြီးဌာနနှင့် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနတို့ အပါအဝင် အစိုးရဌာနများက ညှိနှိုင်းရေးဆွဲထားသော အစီအစဉ်အရ အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

သာယာလှပသော ပင်လယ်ကမ်းရိုးတန်း ဒေသများ၌ ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရန် ရင်းနှီးမြှုပ်နှံမှုအသစ် ဝမ်ငွေ ၈ ဒသမ ၅ ထရီလီယံ ရှိလာစေရန် အစီအစဉ်ရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

**ပီတီအိုင်။**

# တရုတ်အကြံပေးအဖွဲ့အစည်းက သမ္မတဟောင်း ဟူကျင်တောင်၏ ဝါရင့်လက်ထောက်တစ်ဦးအား ထုတ်ပယ်မည်



**ပေကျင်း ဇန်နဝါရီ ၂၀**

အာဏာရ ကွန်မြူနစ်ပါတီက သမ္မတဟောင်း ဟူကျင်တောင်၏ ဝါရင့်လက်ထောက်တစ်ဦးဖြစ်သူ လင်ကျီဟွာအား အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ကြေညာပြီးနောက် တရုတ်ထိပ်တန်း လွှတ်တော်အကြံပေးအဖွဲ့ဖြစ်သည့် တရုတ်ပြည်သူ့နိုင်ငံရေးဆိုင်ရာ အတိုင်ပင်ခံကွန်ဖရင့်(CPPCC)က ၎င်းအား ထုတ်ပယ်ရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ ဆင်ဟွာက ဇန်နဝါရီလ ၂၀ ရက်တွင် ရေးသားဖော်ပြသည်။

ကွန်မြူနစ် ပါတီဝင်မဟုတ်သူများ လက်ကမ်းကြိုဆိုမှုဖြင့် တရားစွဲဆိုခံထားရသည့် ပါတီအဖွဲ့ အစည်းတစ်ခုကို ဦးဆောင်ပြီး ဒုတိယဝန်ကြီးချုပ်ရာထူးဖြင့် ညီမျှသည့် ရာထူးရှိသူ လင်၏အမှုမှာ သမ္မတရှီကျင့်ဖျင်က ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သည့် အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးတိုက်ပွဲ ဆောင်ရွက်ကတည်းက တရုတ်နိုင်ငံ၏ အကြီးမားဆုံးသော အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်သည့် အရှုပ်တော်ပုံများအနက်တစ်ခုဖြစ်သည်။ CPPCC သည် လင်အား ထုတ်ပယ်ရန် မူကြမ်းတစ်ခု အဆိုပြုခဲ့ကြောင်း၊ အဆိုပါမူကြမ်းကို CPPCC ၏ အမြဲတမ်းကော်မတီထံ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။ လင်၏သားမှာ လူသေစေနိုင်သည့် ဇိမ်ခံကားတိုက်မှုတစ်ခုအတွင်း ပါဝင်ခဲ့ကြောင်း သတင်းရင်းမြစ်များက ဆိုပြီးနောက် ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ရာထူးလျှော့ချခံခဲ့ရသည်။ သတင်းရင်းမြစ်အချို့၏ အဆိုအရ ထိပ်တန်းပါတီတာဝန်ရှိသူများ၏ သားသမီးများမှာ ချမ်းသာကြပြီး အခွင့်ထူးခံလူနေမှုပုံစံဖြစ်ကာ ပြည်သူလူထုနှင့် လက်ပွန်းတတီးမရှိဟူသော အမြင်များအပေါ် ဆတ်ဆတ်ထိမခံသော အာဏာရကွန်မြူနစ်ပါတီအတွက် ကသိကအောက်ဖြစ်ရပ်တစ်ခုဖြစ်သည့် ဖာရာရီကားတစ်စီးမှာ ၂၀၁၂ ခုနှစ် မတ်လက ပေကျင်း မြို့တော်တွင် ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လင်မှာ အနောက်တိုင်းပုံစံအုပ်ချုပ်သည့် အစိုးရများတွင် အာဏာရှိသော အစိုးရအဖွဲ့အတွင်းရေးမှူးရာထူးနှင့် တူညီသည့် ကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီ အထွေထွေရုံး အကြီးအကဲအဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ထို့နောက်သူသည် ကွန်မြူနစ်ပါတီဝင် မဟုတ်သူများ၊ ဘာသာရေးအဖွဲ့များ နှင့် တိုင်းရင်းသား လူနည်းစုများအား ကော်မတီအဖွဲ့ဝင်အဖြစ် ခန့်အပ်ရာတွင် ကြီးကြပ်ရသည့် သြဇာအာဏာနည်းပါးသော ဝန်ကြီးတစ်ဦးအဖြစ် ခန့်အပ်ခံခဲ့ရသည်။

**ရိုက်တာ။**

# ကိုရီးယားကျွန်းဆွယ်နျူကလီးယားကင်းမဲ့ရေး မြောက်ကိုရီးယားနှင့် အမေရိကန် ဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၂၀**

မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့သည် ကိုရီးယားကျွန်းဆွယ် နျူကလီးယားကင်းမဲ့ဇုန် တည်ထောင်နိုင်ရေး ခြောက်နိုင်ငံဆွေးနွေးပွဲစားပွဲဝိုင်း ပြန်လည်စတင်နိုင်ရန်အတွက် စင်ကာပူနိုင်ငံတွင် ဇန်နဝါရီ ၁၉ ရက်က နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးခဲ့ကြမှုအပေါ် တရုတ်နိုင်ငံက ကြိုဆိုထောက်ခံကြောင်း ဇန်နဝါရီ ၂၀ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ခြောက်နိုင်ငံ ဆွေးနွေးပွဲစားပွဲဝိုင်းကို ၂၀၀၃ ခုနှစ်တွင် တရုတ်၊ မြောက်ကိုရီးယား၊ အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ရုရှားနိုင်ငံတို့ဖြင့် စတင်ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့၏ ဆက်ဆံရေးတိုးတက်လာမှုအပေါ် တရုတ်နိုင်ငံက ကြိုဆိုထောက်ခံကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဟူချောင်ယင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

"အပြန်အလှန်နားလည်မှုများနဲ့ နှစ်ဖက်ယုံကြည်မှုများတိုးတက်လာပြီး ကိုရီးယားကျွန်းဆွယ် တည်ငြိမ်ရေးနဲ့ နျူကလီးယားကင်းမဲ့ဇုန် တည်ထောင်နိုင်ရေးအတွက် ပူးပေါင်းလုပ်ဆောင်မှုများ တိုးတက်လာတာကို တရုတ်နိုင်ငံက ကြိုဆိုပါတယ်" ဟု ချောင်ယင်းက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားအရေး စေ့စပ်ညှိနှိုင်းရေးမှူး ရီယွန်ဟိုနှင့် အမေရိကန်နိုင်ငံ၏ မြောက်ကိုရီးယားနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း စတီဖန်ဘော့စ်ဝပ် အပါအဝင် အမေရိကန် ထိပ်တန်းအရာရှိများသည် ကိုရီးယားကျွန်းဆွယ်၏ လတ်တလောအခြေအနေများကို ဇန်နဝါရီ ၁၉ ရက်က စင်ကာပူနိုင်ငံတွင် အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ဆင်ဟွာ။**

# မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်သူများကိုအဆုံးစီရင်မှု အင်ဒိုနီးရှားအစိုးရကာကွယ်

**ဂျကာတာ ဇန်နဝါရီ ၂၀**

နိုင်ငံခြားသားများအပါအဝင် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်သူများကို ပြစ်ဒဏ်အရ အဆုံးစီရင်သည့် မိမိတို့၏ မူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အစိုးရတာဝန်ရှိသူများက ဇန်နဝါရီ ၁၉ ရက်တွင် ပြောကြားကြသည်။

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်က မူးယစ်ဆေးဝါးသယ်ဆောင်မှု ကျူးလွန်သူခြောက်ဦးကို သေဒဏ်အမိန့်အရ ကွပ်မျက်ခဲ့သည်။ ကွပ်မျက်ခံရသူ ခြောက်ဦးမှ အင်ဒိုနီးရှား အမျိုးသမီးတစ်ဦး၊ ဘရာဇီး၊ မာလာဝီ၊ နိုင်ဂျီးရီးယား၊ နယ်သာလန်တို့မှ အမျိုးသားလေးဦးနှင့် ဗီယက်နမ် အမျိုးသမီးတစ်ဦးတို့ဖြစ်ကြသည်။


ပြည်ပနိုင်ငံများမှ ခေါင်းဆောင်များက လူခြောက်ဦးကို ကွပ်မျက်မှုနှင့်ပတ်သက်၍ ကန့်ကွက်ခဲ့ကြပြီး ပြစ်ဒဏ်လျှော့ပေါ့ပေးရန် တောင်းဆိုခဲ့ကြသည်။ သို့ရာတွင် အင်ဒိုနီးရှားနိုင်ငံက တင်းကျပ်သော မူဝါဒနှင့်အညီ မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုကျူးလွန်သူများကို သေဒဏ်ပေးခဲ့ရာ နယ်သာလန်နှင့် ဘရာဇီးနိုင်ငံတို့က ၎င်းတို့၏ သံအမတ်ကြီးများကို ပြန်လည်ခေါ်ယူခဲ့ကြသည်။

ဇန်နဝါရီ ၁၈ ရက် ဒေသစံတော်ချိန် ညသန်းခေါင်ယံ၌ ပြစ်ဒဏ်စီရင်ချက်ချမှတ်ခံထားရသူများကို လက်မရွံ့တပ်ဖွဲ့က အဆုံးစီရင်ခဲ့သည်။ အင်ဒိုနီးရှား သမ္မတသစ် ဂျိုကိုဝီဒိုဒို၏ လက်ထက်တွင် ပထမဆုံးအကြိမ် သေဒဏ်အမိန့်အရ ကွပ်မျက်ခြင်းဖြစ်သည်။

**ပီတီအိုင်။**



# ဖရန့်စစ်ကိုကွာလင်အား စာချုပ်သစ်ချုပ်ဆိုရန် အာဆင်နယ်ကမ်းလှမ်း



အာဆင်နယ်ကွင်းလယ်ကစား သမား ကိုကွာလင်သည် နွေရာသီတွင် အာဆင်နယ် အသင်းနှင့် ချုပ်ဆိုထားသော စာချုပ်မှာ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ရာ ပရီမီယာလိဂ်ပြင်ပ ကလပ်များက ၎င်းအား ခေါ်ယူရန် ကြိုးပမ်းလာခြင်းကြောင့် အာဆင်နယ်က ဆက်လက်ထိန်းထားနိုင်ရန်အတွက် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ကမ်းလှမ်းလာခဲ့သည်။

ပြီးခဲ့သည့်ဒီဇင်ဘာလက အငှားဖြင့် သွားရောက်ကစားနေသော ချာလ်တန်အသင်းမှ အာဆင်နယ်သို့ ပြန်လည်ရောက်ရှိလာခဲ့သူ အသက်(၂၃)နှစ်အရွယ်ရှိ ယင်းကစားသမားမှာ အာဆင်နယ်အတွက် တစ်လအတွင်း ရှစ်ပွဲဝင်ရောက်ကစားပေးခဲ့ပြီး မန်စီးတီးအား အဝေးကွင်းတွင် အနိုင်ရသည့်ပွဲနှင့် စတုတ်စီးတီးအား အိမ်ကွင်း၌ အနိုင်ရသည့် ပွဲနှစ်ပွဲလုံးတွင် ကွင်းလယ်၌ အထူးခြေစွမ်းပြသနိုင်ခဲ့သည်။

ဝင်းဂါးက "ကျွန်တော် သူ့အသက် (၁၆)နှစ်ကတည်းက ပြင်သစ်ကနေခေါ်လာခဲ့တာ။ သူ့အနေနဲ့ ခက်ခက်ခဲခဲ အချိန်တွေကို အများကြီးကျော်ဖြတ်ခဲ့တယ်။ ဒါပေမယ့် အဲ့ဒီအခက်အခဲတွေကပဲ သူ့ကို မတူညီတဲ့ အတွေ့အကြုံတွေ၊ ကောင်းမွန်တဲ့ အရည်အသွေးတွေကို ရရှိစေခဲ့တယ်" ဟု ပြောကြားခဲ့သည်။

၎င်းက ဆက်လက်၍ "လွန်ခဲ့တဲ့ သုံးလကတည်းက သူ့အနေနဲ့ အာဆင်နယ်အတွက် ပြန်ကစားပေးဖို့ အချိန်တန်ပြီလို့ ပြောခဲ့တယ်။ အခု ချာလ်တန် ပြန်ရောက်လာတော့ အသင်းအတွက် တကယ်ကို အများကြီးလုပ်ပေးနိုင်ခဲ့တယ်"ဟု ဆိုသည်။

ကိုကွာလင်သည် အသက်အရွယ်အားဖြင့်လည်း ငယ်ရွယ်သေးသော်လည်း ကွင်းလယ်တွင်လည်း ခြေစွမ်းပြနေသောကြောင့် အာဆင်နယ်အသင်းက ၎င်းကိုအလျင်အမြန်သက်တမ်းတိုးရန် ပြင်ဆင်လာခြင်းဖြစ်သည်။

သို့သော်လည်း လက်ရှိအာဆင်နယ်ကွင်းလယ်တွင် အိုဇေးလ်၊ ရမ်ဆေး၊ ကာဇိုလာ၊ ရှိဆစ်စကီး၊ ဖလာမီနီတို့လည်းရှိနေရာ ကွင်းလယ်နေရာအတွက် ပြိုင်ဆိုင်မှု ပိုမိုပြင်းထန်လာဖွယ်ရှိသည်။

# မီရာလက်စ်၏ပင်နယ်တီမဝင်ခြင်းကြောင့် အဲဗာတန် ခြောက်ပွဲဆက်နိုင်ပွဲပျောက်



အဲဗာတန်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၂၂)အဖြစ် ဝက်စ်ဘရွန်းအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိ သရေ ရလဒ်သာထွက်ပေါ်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်တွင် ခြောက်ပွဲဆက်တိုက်နိုင်ပွဲပျောက်ဆုံးခဲ့ရသည်။

ယင်းပွဲစဉ်တွင် အဲဗာတန်အသင်းသည် ပထမပိုင်း ပွဲကစားချိန် ၄၄ မိနစ်တွင် ဝက်စ်ဘရွန်းနောက်ခံလူ လက်စကော့၏လက်ထိဘောမှုတစ်ဆင့် ပင်နယ်တီပြစ်ဒဏ်ဘောကန်ခွင့်ရရှိခဲ့သော်လည်း အဲဗာတန်အသင်း၏ ပုံမှန်ပင်နယ်တီကန်နေကျ ဘယ်နောက်ခံကစားသမား လေတန်ဘိန်းစ်အစား ကီဗင်မီရာလက် ကန်သွင်းခဲ့ရာ အဆိုပါ ပင်နယ်တီသွင်းဂိုးမှာ ဂိုးအဖြစ်ပြောင်းလဲခြင်း မရှိခဲ့ပေ။

ထို့ကြောင့် အဲဗာတန်အသင်းသည် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ခဲ့ခြင်းကြောင့် ဂိုးမရှိသရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး အနိုင်သုံးမှတ်ရရှိမည့်အခွင့်အရေးနှင့် လွဲချော်ခဲ့ရသည်။ ယင်းပွဲစဉ်သည် ပရီမီယာလိဂ်နိုင်ပွဲပျောက်ဆုံးနေသည့် အသင်းနှင့် နည်းပြတိုနီပူးလစ်ရောက်ရှိလာပြီးနောက် ပရီမီယာလိဂ်ရှုံးပွဲဆက် စံချိန်တင်ထားသည့်အသင်းတို့ ထိပ်တိုက်တွေ့ဆုံခဲ့သည့် ပွဲစဉ်ဖြစ်ခဲ့သော်လည်း အဲဗာတန်အသင်းမှာ ၎င်းတို့၏ နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးမသတ်နိုင်ခဲ့ဘဲ သရေတစ်မှတ်သာရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် အဲဗာတန်အသင်းအတွက် ရရှိလာသည့် ပင်နယ်တီသွင်းဂိုးကို မီရာလက်စ်မသွင်းဘဲ နောက်ခံလူ လေတန်ဘိန်းစ်သာ သွင်းယူခဲ့မည်ဆိုပါက ဂိုးရရှိနိုင်ကြောင်း၊ မီရာလက်စ်မှာ ပင်နယ်တီဂိုးသွင်းမှု၌ ရာနှုန်းပြည့်သေချာသည့် ကစားသမားမဟုတ်ကြောင်း၊ လေတန်ဘိန်းစ်သာလျှင် အဲဗာတန်အသင်း၏ ပင်နယ်တီဂိုးသွင်းသေချာသည့်ကစားသမားဖြစ်ကြောင်းနှင့် လေတန်ဘိန်းစ်သည် ပင်နယ်တီသွင်းဂိုး ၁၆ ဂိုးသွင်းယူခဲ့ရာတွင် ၁၅ ဂိုးအထိဂိုးရရှိအောင်စွမ်းဆောင်ပေးနိုင်သည့် ကစားသမားဖြစ်ကြောင်း အဲဗာတန်အသင်းနည်းပြ မာတီနက်ဇ်က ပြောကြားလိုက်သည်။

အဲဗာတန်အသင်းသည် ဝက်စ်ဘရွန်းအသင်းအား ရှုံးနိမ့်ခဲ့ခြင်းကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၄)နေရာ၌ ရပ်တည်လျက်ရှိသည့် မန်ယူအသင်းနှင့် ၁၇ မှတ်အကွာ၊ တန်းဆင်းဇုန်မှ အဆင့်(၁၈)နေရာရှိ ဟားစီးတီးအသင်းနှင့် လေးမှတ်အကွာဖြင့် ပရီမီယာလိဂ်အမှတ်ပေးဇယား၏ အဆင့်(၁၂)တွင် ရပ်တည်လျက်ရှိသည်။

အဲဗာတန်အသင်းသည် ပရီမီယာလိဂ်တွင် ခြောက်ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးနေခဲ့သကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲတွင် ဝက်စ်ဟမ်းအသင်းအား အိမ်ကွင်းဂွတ်ဒီဆင်ပတ်၌ ယှဉ်ပြိုင်ကစားခဲ့ရာတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲ ဖြစ်ခဲ့သဖြင့် ဝက်စ်ဟမ်းအသင်း၏ အိမ်ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ခြင်းကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ၁၁ ဂိုး-၁၀ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကာ အက်ဖ်အေ ဖလားပြိုင်ပွဲကို လက်ပြနှုတ်ဆက်လိုက်ရသည်။

ပြီးခဲ့သည့်ဘောလုံးရာသီက အဲဗာတန်အသင်းရလဒ်ကောင်းများထွက်ပေါ်ကာ ချန်ပီယံလိဂ်ဝင်ခွင့်နှင့်ပင် နီးစပ်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ရလဒ်များဆိုးရွားနေပြီး အဆိုပါရလဒ်ဆိုးရွားနေမှုကို ဇန်နဝါရီ ၃၁ ရက်တွင် ခရစ္စတယ်ပဲလေ့အသင်းနှင့် ကစားမည့် ပရီမီယာလိဂ်ပွဲစဉ်၌ အနိုင်ကစားကာ နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်မည်လားဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။ **(ငွေကြယ်)**

# အီတလီတိုက်စစ်မှူး ဒက်စ်ထရိုအား အငှားချသွားရန် ရိုးမားပြင်ဆင်

ရိုးမားအသင်းသည် လာမည့် ဆောင်းရာသီ အပြောင်းအရွှေ့ကာလအတွင်း အသင်း၏ အီတလီလက်ရွေးစင်တိုက်စစ်မှူး မက်တီယာဒက်စ်ထရိုအား တစ်ရာသီအငှားချသွားရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

ဒက်စ်ထရိုမှာ ရိုးမားနည်းပြဖြစ်သူ ရူဒီဂါစီယာလက်အောက်တွင် မပျော်မရွှင်ဖြစ်နေပြီး အသင်းပြောင်းရွှေ့ရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ဒက်စ်ထရိုအား ပရီမီယာလိဂ်ကလပ်အသင်းအချို့က ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ချယ်လ်ဆီး၊ စပါး၊ အာဆင်နယ်စသည့် အသင်းများက ပစ်မှတ်ထားနေခြင်းဖြစ်သည်။ ချယ်လ်ဆီးအသင်းမှာ ဒက်စ်ထရိုအား ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီကာလကတည်းက ခေါ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သော်လည်း ရိုးမားအသင်း၏ ငြင်းဆန်ပယ်ချမှုကြောင့် ပျက်ပြယ်ခဲ့ရသည်။

ထို့ပြင် ၎င်းအား စီးရီးအေကလပ်အသင်းအများစုကပါ ခေါ်ယူရန် စောင့်ကြည့်နေခြင်းဖြစ်ပြီး ရိုးမားနည်းပြဖြစ်သူ ဂါစီယာမှာမူ ပြိုင်ဘက်အသင်းများထက် ပရီမီယာလိဂ်သို့သာ အငှားချရန် ဆန္ဒရှိနေခြင်းဖြစ်သည်။ သို့သော် ချယ်လ်ဆီးအသင်းအနေဖြင့် ၎င်းအားစိတ်ဝင်စားခြင်းမရှိဘဲ ပြီးခဲ့သည့်နွေကာလက ရီမီ၊ ဒရော့ဘာစသည့် ကစားသမားများကိုခေါ်ယူထားနိုင်ခဲ့ခြင်းကြောင့် ယင်းအပြောင်းအရွှေ့မှာ ဖြစ်မြောက်ရန် မသေချာကြောင်း goal.com ကဖော်ပြခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းမှာ ၎င်းအားခေါ်ယူနိုင်ရန် ထိပ်ဆုံးမှရေပန်းစားလျက်ရှိနေပြီး မကြာမီရက်ပိုင်းအတွင်း ရိုးမားအသင်းနှင့် တရားဝင်ဆွေးနွေးသွားဖွယ်ရှိကြောင်းသိရသည်။ **(ကိုရဲ)**

# စပိန်လာလီဂါရင်ခုန်သံ–၂၀



**စပိန်လာလီဂါပြိုင်ပွဲရဲ့ ပွဲစဉ်(၂၀)ကို လာမယ့် ဇန်နဝါရီ ၂၄၊ ၂၅၊ ၂၆၊ ၂၇ ရက်တွေမှာ ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်ဟာ စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တွေအပြီးနဲ့ ဒု-ကျော့ မကစားခင်ကြားမှာ ကစားမှာဖြစ်တာကြောင့် စပိန်ဘုရင့်ဖလား ကွာတားအဆင့်ရောက်နေတဲ့အသင်းတွေ ခြေကုန်ထုတ်ဖို့ ခက်ခဲနိုင်တာကိုသတိပြုရမှာပါ။**

**ကော်ဒိုဘာ–ရီးယဲလ်** ည ၉း၃၀(၂၄–၁–၁၅)

စပိန်ဘုရင့်ဖလားပြိုင်ပွဲမှာ အက်သလက်တီကိုကို နှစ်ကျော့ပေါင်း ၄-၁ နဲ့ရှုံးပြီး ပြိုင်ပွဲကထွက်ခဲ့ရတဲ့ ရီးယဲလ်အနေနဲ့ လာလီဂါကို ပိုပြီး အာရုံစိုက်ကစားသွားမှာ သေချာပါတယ်။ ကော်ဒိုဘာဟာ တန်းမဆင်းရဖို့ ရုန်းနေတဲ့အသင်းဖြစ်ပြီး ကစားပုံလည်း မဆိုးပေမယ့် ရီးယဲလ်မက်ဒရစ်ရဲ့ ဖိအားပေးမှုကိုတော့ တောင့်ခံဖို့ခက်မှာပါ။ ရီးယဲလ်ကသာ ဂိုးအများနဲ့အနိုင်ရပ်လိမ့်မယ်။

**အဲလ်ချီ–ဘာစီလိုနာ** ည ၁၁း၃၀(၂၄–၁–၁၅)

ဘာစီလိုနာအတွက် ဒီပွဲစဉ်ဟာ စပိန်ဘုရင့်ဖလား ပွဲနှစ်ပွဲကြားရောက်နေတဲ့အပြင် စပိန်ဘုရင့်ဖလားမှာ ဆုံနေတဲ့ ပြိုင်ဘက်ကလည်း အက်သလက်တီကိုဖြစ်နေတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ဒါပေမယ့် အဲလ်ချီက တန်းဆင်းဇုန်အတွင်းမှာ ရှိနေပြီး ခြေစွမ်းပိုင်းလည်း အားနည်းလို့ ဘာစီလိုနာပဲ အနိုင်ရသွားမှာပါ။

**အက်သလက်–ဗယ်လီကာနို** နံနက် ၁း၃၀(၂၅–၁–၁၅)

အက်သလက်တီကိုအတွက်လည်း ဒီပွဲစဉ်ဟာ ဘာစီလိုနာနဲ့ကစားရမယ့် စပိန်ဘုရင့်ဖလားနှစ်ပွဲကြောင့် ခြေကုန်ထုတ်ဖို့ခက်တဲ့ပွဲစဉ်တစ်ခုဖြစ်လာမှာပါ။ ဗယ်လီကာနိုက ပွဲပန်းမှုမရှိသလို အခုနောက်ပိုင်းမှာလည်း ကစားပုံအားကောင်းလာတာကြောင့် အက်သလက်တီကိုကို အခက်တွေ့နိုင်ပါတယ်။ အက်သလက်တီကို ကပ်ပြီးသာနိုင်မှာပါ။

**ဆိုစီဒက် – အီဘား** နံနက် ၃း၃၀(၂၅–၁–၁၅)

ဆိုစီဒက်ရဲ့ ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာ မရှိသေးဘူး။ နောက်ဆုံးငါးပွဲတစ်ပွဲသာနိုင်ပြီး သရေပွဲ တွေများနေပါတယ်။ ဒါပေမယ့် ဆိုစီဒက်ဟာ စပိန်ဘုရင့်ဖလားက ထွက်ခဲ့ရတာကြောင့် လာလီဂါမှာ ပိုမိုပြီး အာရုံစိုက်မှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်ပါတယ်။ အီဘားခြေမဆိုးဘူးဆိုပေမယ့် ဆိုစီဒက်တို့နိုင်ပွဲပြန်ရသွား နိုင်ပါတယ်။

**ဗီလာရီးယဲလ်–လီဗန်တေး** နံနက် ၃း၃၀(၂၅–၁–၁၅)

စပိန်ဘုရင့်ဖလားပွဲအဖြစ် ဂီတာဖေးနဲ့ ကစားရမယ့်နှစ်ပွဲကြားရောက်ရှိနေတဲ့ ဒီပွဲမှာ ဗီလာရီးယဲလ်တို့ ခြေကုန်ထုတ်ဖို့ ခက်ပါလိမ့်မယ်။ ဒါပေမယ့် လီဗန်တေးက ခြေစွမ်းပိုင်းအားနည်းမှုတွေ များနေတဲ့ အသင်းဖြစ်တဲ့အတွက် ဗီလာရီးယဲလ်တို့ ထင်သလောက် အခက်အခဲမရှိနိုင်ပါဘူး။ အိမ်ကွင်းလည်းဖြစ်လို့ ဗီလာရီးယဲလ်ကပဲ အနိုင်ရသွားမှာပါ။

**ဒီပို့တီဗို–ဂရန်နာဒါ** ညနေ ၅း၃၀(၂၅–၁–၁၅)

ဒီပို့တီဗိုဟာ အခုနောက်ပိုင်းပွဲစဉ်တွေမှာ တန်းမဆင်းရဖို့ ဂရုတစ်စိုက်ကစားနေသလို ရလဒ်တွေလည်း ကောင်းလာတယ်။ အထူးသဖြင့် ဂရန်နာဒါကလည်း တန်းမဆင်းရဖို့ ရုန်းကန်နေတဲ့အသင်းဖြစ်တဲ့အတွက် ဒီပို့တီဗိုဟာ အများအယွင်းအဖြစ်ခံမှာမဟုတ်ဘူး။ အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ဒီပို့တီဗိုပဲ အနိုင်ရသွား မှာပါ။

**ဘီဘာအို–မာလာဂါ** ည ၁၀း၃၀(၂၅–၁–၁၅)

ဒီနှစ်သင်းဟာ စပိန်ဘုရင့်ဖလားနှစ်ကျော့နဲ့ ဒီပွဲမှာပါ။ သုံးပွဲဆက်ဆုံတွေ့ရမယ့် ပြိုင်ဘက်တွေပါ။ ဒါကြောင့် ပွဲပန်းမှုရောခြေချိန်ကစားရမှုမှာပါ တူညီနေပါတယ်။ လက်ရှိအချိန်မှာတော့ ခြေအရ မာလာဂါက အနည်းငယ်အားသာနေပေမယ့် ဘီဘာအိုက အိမ်ကွင်းမှာ အားစိုက်ကစားမှာဖြစ်တာကြောင့် သရေကျသွားဖို့ များတယ်။

**အက်စပန်ညို–အယ်မာရီးယား** နံနက် ၀၀း၃၀(၂၆–၁–၁၅)

အက်စပန်ညိုအတွက်ဒီပွဲစဉ်ဟာ ဆီဗီးလ်နဲ့ ရင်ဆိုင်ရမယ့် စပိန်ဘုရင့်ဖလားနှစ်ပွဲကြားရောက်နေတာကြောင့် ခြေကုန်ထုတ်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ဒီနောက်ပိုင်းမှာ အက်စပန်ညိုရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အယ်မာရီးယားက ခြေသာမန်သာရှိလို့ အက်စပန်ညိုတို့ မရှုံးနိုင်ပါဘူး။

**ဗလန်စီယာ–ဆီဗီးလ်** နံနက် ၂း၃၀(၂၆–၁–၁၅)

ဗလန်စီယာ စပိန်ဘုရင့်ဖလား ပွဲကနေထွက်ခဲ့ရပြီးဖြစ်တာကြောင့် လာလီဂါကို ပိုပြီးအာရုံစိုက်မှာပါ။ အထူးသဖြင့် ဗလန်စီယာဟာ အိမ်ကွင်းပွဲစဉ်တွေမှာဆိုရင် ကစားပုံကောင်းတတ်တာကြောင့် စပိန်ဘုရင့် ဖလားနှစ်ပွဲကြားမှာ ခြေကုန်ထုတ်ဖို့ ခက်မယ့် ဆီဗီးလ်ကို ဖိအားပေးနိုင်ဖို့ရှိပါတယ်။ ဗလန်စီယာပဲ ကပ်နိုင်သွားမှာပါ။

**ဂီတာဖေး–ဆယ်တာဗီဂို** နံနက် ၂း၁၅(၂၇–၁–၁၅)

ဗီလာရီးယဲလ်နဲ့ ရင်ဆိုင်ရမယ့် စပိန်ဘုရင့်ဖလားနှစ်ပွဲကြားရောက်နေတဲ့ ဒီပွဲမှာ ဂီတာဖေးတို့ ခြေကုန်ထုတ်ဖို့မလွယ်ပါဘူး။ ဒါပေမယ့် ဂီတာဖေးဟာ အိမ်ကွင်းဖြစ်တာကြောင့် ဂရုတစိုက်ကစားသွားဖို့ ရှိသလို ဆယ်တာဗီဂိုကလည်း လတ်တလောမှာ ခြေစွမ်းပျက်ယွင်းနေတဲ့အတွက် ဂီတာဖေးတို့ ကပ်ပြီးအနိုင်ရသွားဖို့ရှိပါတယ်။ **ရှိုင်းမင်းမင်း**

## အားကစားသတင်းတို

***ဇီဒန်းက ပေါ့ဘာအား ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကစားသင့်သည်ဟု အကြံပြုပြောကြားခဲ့သည်။***

မန်စီးတီးအသင်းခေါင်းဆောင် ကွန်ပနီကသူတို့အသင်းကသာ ပရီမီယာလိဂ်ဖလားရယူမည့်အသင်းဟု ချဲလ်ဆီးအသင်းကို သတိပေးပြောကြားခဲ့သည်။

***လီဗာပူးနည်းပြ ဘရန်ဒန်ရော်ဂျာက မော်ရင်ဟိုသည် ကက်ပီတယ်ဝမ်းဖလားကိုရယူချင်နေသည်ဟုပြောကြားလိုက်သည်။***

ကျူပီအာအသင်းပိုင်ရှင် တိုနီဖာနန်ဒက်စ်က နည်းပြ ဟယ်ရီရက်ပ်နက်သည်အသင်းတွင် ဆက်ရှိနေရန်သေချာသည်ဟု ပရိသတ်များကိုပြောကြားခဲ့သည်။


***ဩစတြေးလျအိုးပင်းတွင် ဦးစားပေးအဆင့်သတ်မှတ်ခံရသူ ဆားဘီးယား တင်းနစ်မယ် အိုင်ဗန်နိုဗစ်ချ်သည်ပထမပွဲစဉ်မှာပင်အရေးနိမ့်ကာပြိုင်ပွဲမှစောစီးစွာထွက်ခဲ့ရသည်။***

# သူတို့ဘာလုပ်နေလဲ




## ဖူးစုံ

အခုက ပဲခူးမှာ ဘုရားတည်နေတယ်။ သူငယ်ချင်းတွေစုပြီး တော့တည်တာပေါ့နော်။ ပုသိမ်ကနေစပြီးတော့ အထက်မြန်မာပြည်တစ်လျှောက်တည်ကြမှာ အခုဘုရားတွေလိုက်တည်နေလို့ ဇာတ်ကားရိုက်မှုတွေ ခဏနားထားရတယ်။



## ပိုးအိအိခန့်

ရှမ်းပြည်နယ်ဘက်မှာ ရှိုးပွဲတွေ လိုက်ဆိုနေတယ်။ ရှေ့လ ၁၅ ရက်နေ့ ကျရင် အမေရိကားမှာ ဇာတ်ကားတစ်ခု လက်ခံထားတာရှိတယ်။ ဇာတ်ကားနာမည်က "မေတ္တာ"၊ ဒါရိုက်တာက မကြည်ဖြူသျှင်၊ မင်းသမီးတွေက မခိုင်ကြီး(ထွန်းအိန္ဒြာဗို)၊ ချစ်သုဝေရယ်၊ အစ်မရယ်ပါမယ်။



## ပေါက်

အခု နေမျိုးအောင်ရယ်၊ အေးမြတ်သူရယ်ပါတဲ့ "ညို့ချက်" ဆိုတဲ့ ဇာတ်ကားရိုက်နေတယ်။ အစ်မက အဲဒီဇာတ်ကားမှာ အစ်မတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရမှာ။ အခုလောလောဆယ် ဇာတ်ကား ရှစ်ကားရိုက်ပြီးနေပြီး နောက်လ ၈ ရက်ကျရင် မကွေးမှာ စစ်ကားရိုက်ဖို့ ရှိတယ်။



# Boyhood ဇာတ်ကား London Critics' Circle ဆုတွေထပ်ရပြန်

ဒါရိုက်တာ လင့်လက်တာ၏ ၁၂ နှစ်ကြာ ရိုက်ကူးခဲ့ရသော Boyhood ဇာတ်ကားသည် လန်ဒန်ဝေဖန်ရေး ဆရာများပေးအပ်သည့် ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အကောင်းဆုံးဒါရိုက်တာဆုနှင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုများထပ်မံဆွတ်ခူးခဲ့ပြန်ရာ နှစ်တစ်နှစ်အတွင်း ဆုများစွာရယူထားသော ဇာတ်လမ်းစာရင်းတွင် ပါဝင်လာခဲ့ပြီဖြစ်သည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် ညပိုင်းက နာမည်ကြီး မေဖဲလ်ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းဇာတ်ကားကို ရုပ်ရှင်နှစ်တစ်နှစ်အတွင်း အကောင်းဆုံး ဇာတ်ကားဖြစ်သည်ဟု ဝေဖန်သုံးသပ်သူများက ဆိုခဲ့ကြသည်။ လင့်လက်တာက "ကျွန်တော့်အနေနဲ့ Boyhood ဇာတ်ကားက ရုပ်ရှင်နဲ့မတူဘဲ လက်တွေ့စမ်းသပ်ချက်တွေ လုပ်နေရတယ်လို့တောင် ဆိုချင်တယ်။ ၁၂ နှစ်တာကာလကို ယုံကြည်ချက်တစ်ခုတည်းနဲ့ ကျော်ဖြတ်ခဲ့ရတာ"ဟု ဆိုသည်။ ဒါရိုက်တာ ဂျွန်နသန်ဂလေဇာက အကောင်းဆုံး ဗြိတိန်ရုပ်ရှင်ထုတ်လုပ်သူ ဆုကိုလည်းကောင်း၊ တေးရေးဆရာမ မီကာလီဗိုင်းက နည်းပညာဆုကိုလည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့သည်။

Boyhood ဇာတ်ကားသည် လွန်ခဲ့သည့် ရက်သတ္တပတ်က ရွှေကမ္ဘာလုံးဆုချီးမြှင့်ပွဲတွင် အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံး အမျိုးသမီးဇာတ်ဆောင်ဆုနှင့် အကောင်းဆုံးဇာတ်ကားဆုများ ရရှိခဲ့သည့်ဇာတ်ကားဖြစ်သည်။ အီလာကောလ်ထရိန်း ရေးသားသော မာဆန်အီဗန်စ်၏ ကလေးဘဝမှ အရွယ်ရောက်သည်အထိ ဘဝခရီးလမ်းကြောင်းကို ပုံဖော်ဇာတ်အိမ်ဖွဲ့ထားသော ဇာတ်ကားဖြစ်ပြီး ၂၀၀၂ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ၁၂ နှစ်ကြာအောင်ရိုက်ကူးခဲ့ရသည်။

# ၂၀၁၅ ဇန်နဝါရီလအတွင်း လူကြိုက်အများဆုံး စာအုပ်

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင်း ထွက်ရှိခဲ့သော စာအုပ်များအနက် Never Never စာအုပ်သည် လူကြိုက်အများဆုံးစာအုပ်ဖြစ်ကြောင်း good reads.com တွင် ဖော်ပြထားသည်။

ထိုစာအုပ်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ထွက်ရှိခဲ့ပြီး အွန်လိုင်းပေါ်တွင် မဲအများဆုံး ရရှိထားသော စာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားပြီး အတွဲ သုံးတွဲ ခွဲ၍ ထုတ်ဝေမည်ဖြစ်သည်။

စာရေးဆရာ ကောလင်းပိုမာ စာရေးဆရာ ဇာတ်ကောင်ကောင်လေးအကြောင်း ရေးသား၍ တာရန်က ဇာတ်ကောင် ကောင်မလေးအပိုင်းကို ဟန်ချက်ညီညီ ပူးပေါင်းရေးသားထားသောကြောင့်လည်း ထိုစာအုပ်မှာ ထူးခြားလေသည်။

" Never Never " ဝတ္ထု၏ အဓိက ဇာတ်ဆောင်နှစ်ဦးမှာ ချာလီဝင်းဝုဒ်နှင့် စယ်လာနက်ရှ်တို့ဖြစ်ပြီး သူတို့နှစ်ဦးသည် ငယ်စဉ်ကလေးဘဝတည်းကအတူ ကြီးပြင်းလာခဲ့ပြီး ဆယ်ကျော်သက်အရွယ်တွင် ချစ်သူများဖြစ်ခဲ့ကြသည်။ ထို့နောက် တစ်ခုသော နံနက်ခင်းတွင် သူစိမ်းတစ်ရံဆံဆံဖြစ်သွားကြပြီး ချာလီသည်သူတို့ နှစ်ဦးသံယောဇဉ်ကို မေ့ပစ်ရန်သာ ကြိုးစားပြီး စယ်လာသည်ကား မေ့ပစ်ရန် မကြိုးစားသည့်အပြင်ရှေ့ဆက်လက်တွဲခွင့်ရရေး ကြိုးစားလေသည်။

ထို ဝတ္ထုသည် ကြောက်ရွံ့မှု၊ လျှို့ဝှက်မှု၊ စိတ်လှုပ်ရှားမှု၊ ကြည်နူးမှု၊အချစ် စသည့် ခံစားမှုမျိုးစုံကို ပေးစွမ်းနိုင်သော ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး စာဖတ်သူတစ်ဦးကလည်း "ဒီစာအုပ်ဟာ အရေးအသားပိုင်း ကောင်းလွန်းတာကြောင့် လက်က မချချင်ဘူး၊ ပြီးတော့ နောက်ထွက်မယ့် အတွဲတွေကိုလည်း စောင့်မနေနိုင်တော့ဘူး။ စောင့်မျှော်ရတာ စိတ်ထဲမှာအရမ်းကြာသလို ခံစားရတယ်"ဟု သူ၏ ခံစားချက်ကို အွန်လိုင်းစာမျက်နှာပေါ်တွင်ဖော်ပြထားသည်။

# နာမည်ကြီး Vogue မဂ္ဂဇင်း၏ မျက်နှာဖုံးရှင် မင်းသမီး ဟာဂျီဝန်



ကိုရီးယားနာမည်ကြီး မင်းသမီး ဟာဂျီဝန်သည် ထိုင်ဝမ်မဂ္ဂဇင်း Vogue အတွက်မျက်နှာဖုံးရှင်အဖြစ် ရိုက်ကူးပေးခဲ့ရာ ၎င်း၏ ရှားရှားပါးပါး မိန်းကလေးဆန်ဆန်အလှကို မြင်တွေ့ရမည်ဖြစ်သည်။

အများအားဖြင့် မင်းသမီးသည် အက်ရှင်ဇာတ်ကားများ၊ ဘဝဆန်ဆန် ကြမ်းကြမ်းတမ်းတမ်းဇာတ်ရုပ်များကိုသာ ရိုက်ကူးလေ့ရှိရာ ပရိသတ်များအနေဖြင့် သူ၏အလှကို ယင်းမျက်နှာဖုံးတွင် ထင်ထင်ရှားရှား မြင်တွေ့ခံစားရမည် ဖြစ်သည်။ အသက် (၃၇)နှစ်အရွယ်ရှိ ဟာဂျီဝန်သည် စွယ်စုံရအနုပညာရှင်တစ်ဦးဖြစ်ပြီး ၎င်း၏ ကိုယ်ပိုင်ဟောဝါထယ် ဖြေဖျော်ရေးအေဂျင်စီကို ၂၀၁၃ ခုနှစ်တွင် ထူထောင်ခဲ့သည်။

ယင်းနှစ်မှာပင် ဟောလိဝုဒ်အေဂျင်စီဖြစ်သော ယူနိုက်တက်တဲလန့်အေဂျင်စီ (UTA) နှင့်စာချုပ်ချုပ်ဆိုခဲ့ပြန်သည်။ ထို့ကြောင့် သူမမှာ ကိုရီးယားသရုပ်ဆောင် တစ်ဦးဖြစ် UTA နှင့် ပထမဦးဆုံး စာချုပ်ချုပ်ဆိုနိုင် လက်တွဲခွင့်ရခဲ့သောအနုပညာရှင်တစ်ဦးဖြစ်လာခဲ့သည်။

လတ်တလော အနုပညာရှင်လှုပ်ရှားမှုအဖြစ် မင်းသားဟီအိုရန်နှင့် တွဲဖက်ကာ "Chronicle of Blood Merchant" ဇာတ်ကားကို ရိုက်ကူးနေသည်။ ထူးချွန်ဆု တံဆိပ်ပေါင်းများစွာ ဆွတ်ခူးထားသော ဟာဂျီဝန်သည် လတ်တလောတွင် အနုပညာ အလုပ်များကိုသာ ဦးစားပေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၁-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

- ၅:၀၀ ပဌာန်းပါဠိတော်+ ခန္ဓသုတ်၊မောရသုတ်၊ဝဋ္ဋသုတ်
- ၈:၃၅ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
- ၈:၅၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၆)
- ၉:၃၅ အနုပညာမိုးကောင်းကင်
- ၁၀:၀၀ ခေတ်သစ်ပျိုမေ
- ၁၁:၀၀ ဟင်းချက်ရအောင်
- ၁၁:၃၀ MRTV-4 Stage
- ၁၂:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၁)
- ၁:၀၀ "အပါယ်လွတ်ရာ သာသနာ" တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရာဘိဝံသ)
- ၂:၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၁၁)
- ၃:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ဒဏ္ဍာရီ" (အပိုင်း-၁၁၈)
- ၆:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှစ်ပွင့်ရဲ့ ဒဏ္ဍာရီ" (ဇာတ်သိမ်းပိုင်း)
- ၇:၂၀ မြန်မာရုပ်သံဇာတ်လမ်း "ပန်းနုသွေး"(အပိုင်း-၁၂)
- ၈:၁၀ ရသစုံညွှန်းတမ်းများ
- ၉:၅၅ Let Talk
- ၁၀:၂၀ Tabiban Travelling in Hokkeido (Epi-13)
- ၉:၅၅ Let Talk
- ၁၀:၄၅ Drive it
- ၂:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၇)
- ၃:၁၀ MRTV-4 ရုပ်သံဇာက်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၂)
- ၄:၁၀ World of Knowledge (Monster Moves Risky Rescues)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၁-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

- ၆:၀၃ တရားတော်
- ၈:၁၀ စိုက်ပျိုးသုတ
- ၈:၂၅ မြတ်နိုးစရာရိုးရာလက်မှုပညာ
- ၈:၃၅ ခရီးလည်းသွား စကားလည်းဆို
- ၉:၀၀ တည်ဆောက်ပြုပြင် မြို့တော်တစ်ခွင်
- ၄:၂၅ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၀၀ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၁၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မာရီမာ (အပိုင်း-၉၉)
- ၅:၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကြမ္မာခါးခါး (အပိုင်း-၂၉)
- ၆:၃၅ Dream Team
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဂန္ထဝင်အချစ်နဲ့တော်ဝင်စည်တော် အပိုင်း(၄၉) (ဇာတ်သိမ်းပိုင်း) - ဟာသရုပ်စုံ ရသစုံလင်ရုပ်မြင်ဇာကလမ်း -ဘဝအားမာန် အပိုင်း(၄၂)

## Entertainment Channel

**၂၁-၁-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

- -လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၀)
- ၆:၂၅ ဝတ်မှုံတေးဂီတဖျော်ဖြေခန်း (အပိုင်း-၄)
- ၆:၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၁၅)
- ၇:၁၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၂၉)
- ၈:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၃၀)
- ၉:၀၀ တေးဂီတအစီအစဉ် (စတီရီယို)
- ၉:၂၀ ပြည်သူ့နီတိ "ပွဲညွှန့်"
- ၉:၄၀ Myanmar Japan Cultrual Show
- ၆:၂၅ ကျန်းမာဖို့ အတူကစားစို့
- ၁၀:၀၅ မြန်မာရုပ်ရှင်(ဖြူ/မဲ) "မှတစ်ပါးအခြားမရှိပြီ" (မြင့်မြင့်ခင်၊ မောင်စိမ်းအောင်၊ အောင်အောင်၊စောမြသန္တာ) (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။**

**MYANMAR INTERNATIONAL**
**Programme in Brief**
**(21-1-2015) (Wednesday)**

- -Kyaikhteeyoe;My Father The Porter
- -World News
- -Today Myanmar "Visiting Neighbours Thailand"
- - Wholesale Fish
- -Up Against The Tide
- -Myanmar Traditional Instruments (MYANMA DRUM)
- -In The Studio "Lanna Sa" (Part-1)
- -Insight Myanmar "Trafficked Children Cases"
- -A visit to Htam Hsan Cave A Miraculous Place
- -Traditional Snack
- -Choral Dance (Duel)
- -Porcelain and Glass
- -Photographer; Kyaw Win Hlaing

# စာသင်ကျောင်းမှသည် ရွှေရောင်အနာဂတ်များဆီသို့

**à (ublu)**

ပြီးခဲ့သည့်ရက်အနည်းငယ်က မိတ်ဆွေတစ်ယောက်၏ ဖိတ်မန္တကပြုမှုကြောင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျေးချောင်းကျေးရွာအုပ်စု ကျောင်းရွာသို့ အလည်တစ်ခေါက်ရောက်ခဲ့ရသည်။ မိမိတို့လိုက်ပါလာသော ကားလေးမှာ ရွာလမ်းလေးအတိုင်း ကွေ့ကာဝိုက်ကာ ဖြင့်မောင်းလာရင်းနှင့် မူလွန်ကျောင်းလေးတစ်ကျောင်းရှေ့တွင် ရပ်တန့်သွားခဲ့သည်။ "ဒါတို့ရွာမှာရှိတဲ့ကလေးတွေ ပညာရည်နို့သောက်စို့ရာ အမှတ်(၂၁) မူလတန်းလွန်ကျောင်းလေ။ ဒီနေ့က ကျောင်းရဲ့ စုံညီပွဲတော်ကျင်းပမှာ။ ထူးချွန်ကျောင်းသားကျောင်းသူတွေကို ဂုဏ်ပြုချီးမြှင့်ပွဲလည်း ကျင်းပမှာလေ" ဟု ဒေသခံ ကိုမျိုးက ပြောရင်းဆိုရင်းဖြင့် ရှေ့မှဦးဆောင်ဝင်သွားသဖြင့် နောက်မှလိုက်ဝင်ခဲ့သည်။

ကျောင်းလေးမှာ အတော်အတန်ကျယ်ဝန်းမှုရှိသော်လည်း တစ်ထပ်ဆောင် တိုက်ခံကျောင်းဆောင်၏ ဘေးတွင် ဟောင်းနွမ်းနေသောကျောင်းဆောင်တစ်ခု ယှဉ်တွဲတည်ရှိနေခြင်းက တစ်စုံတစ်ရာသောခံစားမှုကို ဖြစ်စေသည်။ ကျောင်းဆောင်ဟောင်းလေးမှာ ဘေးအကာထရံများပင် ပျက်စီးနေပေသည်။ ကျောင်းဝင်းထဲ ရောက်သည်နှင့် မီးစက်သံ တဝုန်းဝုန်းကြားလိုက်ရပြီး အဆိုတော် ပိုးအိစံ၏ "ကျွန်တော့်ရည်မှန်းချက် တွေးလျက်နဲ့ ပျော်သည်ပျော်သည်. . . ညီလေး ညီမလေးများကို. . . သွန်သင်ကာဆုံးမပေးမည်. . . . ကျောင်းသွားကြပါစို့ သတိပေးနေပါသည်. . . ." ဟူသော သီချင်းသံကိုကြားရသည်။ ကျောင်းသားကျောင်းသူများ၊ ဆရာ ဆရာများ၊ ကျောင်းသားမိဘများ ဥဒဟိုသွားလာလှုပ်ရှားနေသည်ကို မြင်တွေ့ရသည်။ စုံညီပွဲတော်အတွက် ပြင်ဆင်နေကြခြင်းဖြစ်သည်။

ကျောင်းပညာရေးဟူသည် သုံးနားညီ တြိဂံတစ်ခုကဲ့သို့ပင် ဆရာ၊ မိဘ၊ ကျောင်းသားတို့ သုံးဦး သုံးဖလှယ် ဟန်ချက်ညီနေမှသာ . . .

များမကြာမီ အခမ်းအနားစတင် ကျင်းပကာ ပရဟိတအဖွဲ့များ၊ စေတနာရှင် အလှူရှင်များ ဝိုင်းဝန်းပံ့ပိုးမှုဖြင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်စဉ် အခြားသော ကျောင်းသားလေးများ၏ အားကျသည့်မျက်ဝန်းများဖြင့် လက်ခုပ်တီးအားပေးနေမှုကို မြင်တွေ့မိသည်။

"မေမေ-သားလည်း သူတို့လို ဆုတွေအများကြီးလိုချင်လိုက်တာ. . . .။ ဆုတွေလိုချင်ရင် သားလည်း သူတို့လို ထူးချွန်အောင်ကြိုးစားပေါ့ သားရဲ့. . . အဲဒါဆိုသားလိုချင်တဲ့ဆုတွေ အများကြီးရမှာပေါ့. . . ." ကျောင်းသားမိဘနှင့် ကလေးတို့ အပြန်အလှန် ပြောဆိုသံပင်ဖြစ်သည်။ ကလေးငယ်ပီပီ သူများရသလို လိုချင်ရှာသည်။ သို့သော် ဘာကြောင့်မရသလဲဆိုသည်ကို မိခင်ဖြစ်သူက လမ်းညွှန်ပေးသည်။ ထိုအခါ အနီးကျောင်းသားလေး၏ မျက်ဝန်းတွင် အရောင်များလက်လာပြီး ဟန်ပန်မှာလည်း ယုံကြည်မှုအပြည့်ရရှိလာသည့် အနေအထားကို မြင်တွေ့လိုက်ရသည်။ မည်သို့ဆိုစေ မိခင်၏အားပေးမှုက သားငယ် မောင်ကျောင်းသားလေးအတွက် အားဆေးတစ်ခွက် ဖြစ်စေခဲ့သည်ဟု ကောက်ချက်ချရမည်သာ။

ကျောင်းအုပ်ဆရာကြီးဦးကျော်ဝင်းနှင့် စကားစမြည်ပြောရာတွင် "ကလေးတွေရဲ့ ပညာရေးအတွက် စေတနာရှင် အလှူရှင်တွေ၊ ပရဟိတအဖွဲ့အစည်းတွေက ကိုယ်ကျိုးမဖက်ဘဲ ခုလို အားပေးချီးမြှောက်ကြလို့ ဆရာကြီးတို့အနေနဲ့ အတော့်ကိုဝမ်းသာမိပါတယ်။ကျောင်းသားလူငယ်တွေဆိုတာက တစ်နေ့နေ့ တစ်ချိန်ချိန်မှာ နိုင်ငံတော်ရဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်လာနိုင်တယ်လေ။ သူတို့လေးတွေရဲ့ ထူးချွန်ထက်မြက်မှုကို အသိအမှတ်ပြုတဲ့အနေနဲ့ ဆုချီးမြှင့်တဲ့နေရာမှာ ခုလိုဝိုင်းဝန်းပံ့ပိုးကြတော့ ကလေးတွေရဲ့ ကြိုးစားလိုစိတ်ကို မြှင့်တင်ပေးရာရောက်တာပေါ့ဗျာ" ဟု ဆရာကြီးက သူ့အမြင်ကိုပြောကြားခဲ့သည်။

ပါဝင်အားဖြည့်ကူညီကြသူများအနက် ပညာမီးအိမ်ပရဟိတပညာဒါနအဖွဲ့မှ ကိုဇော်မင်းဦးက "ကျွန်တော်တို့ ဒီအဖွဲ့လေးကို စဖွဲ့တုန်းကတော့ လေးယောက်တည်းနဲ့ စခဲ့တာပါ။ ကျောင်းရွာအမှတ်(၂၁)မူလွန်ကျောင်းကစခဲ့တာပေါ့။ ၂၀၁၄ ဇွန်လမှာ စတင်ခဲ့တာ။ ဩဂုတ်လမှာတော့ ထရုံကာ ကျေးရွာကျောင်းအတွက်ပါ အားဖြည့်လုပ်ဆောင်လာနိုင်ခဲ့တယ်။ နောက်တော့ တပ်ကုန်းမြန်မာ့အသံနဲ့ နေပြည်တော်သတင်းစာတိုက်က ဝန်ထမ်းတွေပါ ပါဝင်အားဖြည့်လာတော့ အဖွဲ့ကပိုတောင့်သွားတယ်။ အဖွဲ့လေးဖွဲ့စည်းရတဲ့ရည်ရွယ်ချက်ကတော့ ကျောင်းသားလူငယ်တွေရဲ့ ရွှေရောင်အနာဂတ်တွေအတွက် တတ်နိုင်တဲ့နေရာကနေ ပံ့ပိုးကူညီမယ်ဆိုတဲ့ ရည်ရွယ်ချက်ပါ။ အခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာတော့ စာသင်ကျောင်း ငါးကျောင်းကို လစဉ် ပညာဒါနပြုနိုင်နေပါပြီ။

ပရဟိတဆိုတာမျိုးက လူတိုင်းလုပ်နိုင်တဲ့အလုပ်မဟုတ်ပါဘူး။ အချိန်ပေးရတယ်။ ငွေကြေးထည့်ဝင်ရတယ်။ အချိန်နဲ့ ငွေကြေးပြည့်စုံသူတိုင်းလည်း လုပ်နိုင်ကြတာမဟုတ်ပါဘူး။ ဒါကြောင့် ချို့တဲ့တဲ့နေရာဒေသတွေမှာရှိတဲ့ကလေးများအတွက် ပညာဒါနထောက်ပံ့ပေးနိုင်မယ့် ကျွန်တော်တို့လို ပရဟိတအဖွဲ့တွေများများပေါ်ပေါက်လာဖို့ မျှော်လင့်မိပါတယ်။ အခုဆိုရင် အနီးနားက အင်ပင်ကျေးရွာမှာဆိုရင် ပညာရေးဆိုင်ရာ ပရဟိတအဖွဲ့ နှစ်ဖွဲ့တောင်ပေါ်ပေါက်လာပါပြီ။ ပရဟိတစိတ်အရင်းခံရှိတဲ့ လူတိုင်း ကလေးများ ပညာရေးအတွက် တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းထောက်ပံ့ကြမယ်ဆိုရင်တော့ အတိုင်းထက်အလွန် ဝမ်းသာရတာပေါ့ဗျာ" ဟု ပရဟိတအကြောင်းနှင့်စပ်လျဉ်း၍ ၎င်း၏အမြင်ကို ဖွင့်ဟခဲ့သည်။


ဆုပေးပွဲအခမ်းအနားအပြီးတွင် ပျော်ပွဲရှင်ပွဲများ ဆက်လက်ကျင်းပကြရာ ကျောင်းသားကျောင်းသူလေးများက ဆန်းသစ်သော အသွင်အပြင်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်ကိုမြင်တွေ့ရပြီး ရွာလုံးကျွတ်လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦးသုံးဖလှယ် စုံညီခဲ့သော ပညာရေးစုံညီပွဲတော်တစ်ခုအဖြစ် ကောက်ချက်ချလိုက်မိသည်။

ကျောင်းပညာရေးဟူသည် ကျောင်းသားဘက်ကချည်း အားသွန်ခွန်စိုက် တစ်ဦးကောင်း တစ်ယောက်ကောင်း လုပ်ဆောင်နေ၍မရသလို ဆရာ့ဘက်ကလည်း အသင်အပြကောင်းနေရုံနှင့် ပြည့်စုံနေမည်မဟုတ်သကဲ့သို့ မိဘများဘက်ကလည်း ကျောင်းထားပေးနိုင်သည်လောက်နှင့် တင်းတိမ်နေ၍ မရစကောင်းပေ။ သုံးနားညီ တြိဂံတစ်ခုကဲ့သို့ပင် ဆရာ၊ မိဘ၊ ကျောင်းသားတို့ သုံးဦးသုံးဖလှယ် ဟန်ချက်ညီနေမှသာ၊ ဆရာတို့ဘက်ကလည်း ဆရာ့ကျင့်ဝတ်နှင့်အညီ ကျောသားရင်သားမခွဲခြားဘဲ စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာဖြင့် ပြုမူကျင့်ကြံကြနေမှသာ၊ မိဘများဘက်ကလည်း မိမိတို့သားသမီးများ၏ပညာရေးကို လျစ်လျူရှုမထားဘဲ၊ အခြားသောအရေးကိစ္စများဘက်သာအာရုံရောက်မနေဘဲ ဖိဖိစီးစီးလုပ်ဆောင်ပေးကြရမည်ဖြစ်ပြီး မိမိတို့အလို ဆန္ဒထက် သားသမီးများစိတ်ပါဝင်စားရာဘာသာရပ်ကိုသာ ရွေးချယ်လုပ်ဆောင်ပေးကြမှသာ၊ ထို့အတူ ကျောင်းသားများဘက်ကလည်း ကျောင်းနေအရွယ်ကာလအတွင်း ကျောင်းပညာရေးထက် အခြားသော အရေးအရာကိစ္စများဘက်(ဥပမာ-ဂိမ်း၊ မူးယစ်ဆေးဝါး၊ ချစ်ရေးချစ်ရာကိစ္စ၊ အွန်လိုင်း)ကို စိတ်အာရုံ တိမ်းညွတ်မနေဘဲ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်အောင် ကြံဆောင်ကြမှသာလျှင် ကောင်းမွန်သောပညာရေးနှင့် ပြည့်စုံသော စာသင်ကျောင်းမှသည် ရွှေရောင်အနာဂတ်များဆီသို့ ဆောင်ကြဉ်းပေးနိုင်ပေလိမ့်မည်ဖြစ်သည်။

ညနေစောင်းလို့ ထိုရွာကလေးမှအပြန် ကားပေါ်လမ်းခရီးတွင် ပရဟိတနှင့်ပတ်သက်၍ မိမိဘာသာ အတွေးနက်နေမိသည်။ "ငါသည် ကိုယ်ကျိုးမဖက်ဘဲ အများကောင်းကျိုးအတွက်ဘယ်ရွေ့ဘယ်မျှဆောင်ရွက်ပြီးခဲ့ပြီလဲ" ဟုတွေးမိရင်း ပင့်သက်ရှည်ကြီးကိုသာချလိုက်မိပါတော့သည်။ ။











## စာအောင်သံဃာတော်များအား ဆွမ်းဆက်ကပ်

**ပျဉ်းမနား၊ ဇန်နဝါရီ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီးတွင် ၂၀၁၄ ခုနှစ် ပါဠိပထမပြန်စာအောင်သံဃာတော်များအား စာအောင်လက်မှတ်နှင့်စာအောင်ဆုများဆက်ကပ်သည့် စုဥ္ဓဘွဲ့နှင်းသဘင်အခမ်းအနား ဇန်နဝါရီ ၁၈ ရက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ပထမကြီး၊ ပထမလတ်၊ ပထမငယ်စာအောင်သံဃာအပါး ၃၀ တို့အား အောင်လက်မှတ်နှင့်ဆုအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**ကိုကိုနေ**

## ကြည့်မြင်တိုင်ဈေးကြီးရပ်ကွက်လုံးဆိုင်ရာ အကြိမ်(၇၀)မြောက်ဆွမ်းကြီးလောင်းပွဲတော်ကျင်းပ

**ရန်ကုန်၊ ဇန်နဝါရီ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ်ဈေးကြီးရပ်ကွက်လုံးဆိုင်ရာ အကြိမ်(၇၀)မြောက် ဆွမ်းကြီးလောင်းပွဲတော်ကို ဇန်နဝါရီ ၁၆ရက်တွင် ဘုရားများလှည့်လည်ပူဇော်ခံကြွမြန်းခြင်း၊ ဓမ္မသဘင်ပွဲများကို ဇန်နဝါရီ ၉ရက်မှ ၁၄ရက်ထိ ပူဇော်ခြင်းနှင့် ၁၇ရက်တွင် လမ်း(၁၂)လမ်းတို့၌ အာဟာရဒါနများဖြင့်ကျွေးမွေးလှူဒါန်းမှုများကိုပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ညနေ ၃နာရီတွင် ဘုရားအမျှပြုလျက် အလုံ၊ ကြည့်မြင်တိုင်၊ စမ်းချောင်းနှင့် ကမာရွတ်မြို့နယ်အသီးသီးတို့မှ ပင့်သံဃာ ၁၁၁ပါးတို့အား ယခင်နှစ်များထက်သာလွန်၍ကြီးကျယ်ခမ်းနားစွာဆွမ်းဆန်စိမ်းနှင့်ဆွမ်းကြီးလောင်းပွဲကြီးကို ကျင်းပခဲ့ကြောင်း၊ လှူဒါန်းမှုစုစုပေါင်းမှာကျပ်သိန်းပေါင်း ၁၅၃၅ကျော် လောင်းလှူခဲ့ကြောင်း သိရှိရသည်။

လှူဒါန်းမှုအစုစုတို့အား ညနေ ၆နာရီတွင် ပုညောပကာယမဏ္ဍာရုံကြီး၌ ရေစက်သွန်းချ အမျှပေးဝေတော်မူခဲ့ကြပြီး အခမ်းအနား အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

# တာချီလိတ်မြို့နယ်စာရေးဆရာအသင်းရုံး၌ ရည်ညွှန်းစာကြည့်တိုက်ဖွင့်

**တာချီလိတ်၊ ဇန်နဝါရီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ဆန်ဆိုင်း(ခ) ရပ်ကွက်ရှိ တာချီလိတ်မြို့နယ် စာရေးဆရာအသင်းရုံး၌ ဇန်နဝါရီ ၁၈ ရက်နံနက် ၈ နာရီက ရည်ညွှန်းစာကြည့်တိုက်ခေါ် နေ့သစ်စာကြည့်တိုက်ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထိန်းမင်းက မိတ်ဆက်စကားပြောကြားသည်။ ထိုနောက်မြို့နယ်စာရေးဆရာအသင်းကိုယ်စားမြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)မှစာရေးဆရာကောင်းသန့်၊ စာရေးဆရာဒေါက်တာခင်မောင်ညိုနှင့် စာရေးဆရာမပုညခင်တို့က စာကြည့်တိုက်တစ်ခု၏အင်္ဂါရပ်တစ်ခုပီပီပြင်ပြင်ဖြစ်ပေါ်လာရေးအတွက် အထူးလုံ့လပြုကြိုးစားအားထုတ်ခဲ့ကြသည့် ရည်ညွှန်းစာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့သည့်စာကြည့်တိုက်ဆိုင်ရာ ပရိဘောဂပစ္စည်းများ၊ အလှူငွေများ၊ e-Book နှင့် စာအုပ်များ၊ Laptop၊ စာအုပ်ပေါင်း ၆၀၀၀ ကျော်ပါဝင်သည့် Public Digital e-Library Service စက် အပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၇ သိန်းတို့ကို လှူဒါန်းခဲ့သည့်စာပေချစ်သူအလှူရှင် ၄၂ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# ၂၀၁၄ခုနှစ်အတွင်း မဟာမုနိဘုရားကြီးသို့ ပြည်ပဧည့်သည်ရှစ်သောင်းကျော်လာရောက်

**မန္တလေး၊ ဇန်နဝါရီ ၂၀**

မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ ပြည်တွင်း ပြည်ပမှဧည့်သည်လာရောက်မှုမြင့်တက်လျက်ရှိပြီး ၂၀၁၄ခုနှစ် စာရင်းများအရ ပြည်ပဧည့်သည် ရှစ်သောင်းကျော် ဝင်ရောက်ခဲ့ကြောင်း ဘုရားကြီးဂေါပကအဖွဲ့၏ ဧည့်မှတ်တမ်းများအရသိရသည်။

၂၀၁၃ခုနှစ်ဇန်နဝါရီလမှဒီဇင်ဘာလအထိ ပြည်ပဧည့်သည်ဝင်ရောက်မှုမှာ ၆၅၉၅၃ ဦးရှိပြီး ပြည်တွင်းဘုရားဖူးများလာရောက်မှုမှာ ၁၆၃၀၃၀၉ ဦးရှိခဲ့ကာ ၂၀၁၄ခုနှစ်ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ပြည်ပဧည့်သည် ၈၀၁၆၈ဦးနှင့်ပြည်တွင်းဘုရားဖူးဧည့်သည် ၄၄၂၉၃၂၁ဦး လာရောက်ခဲ့သည်။

"ပြည်တွင်းမှာဆို လူမှုရေးအဖွဲ့အစည်းတွေ၊သာသနာရေးအဖွဲ့တွေစတဲ့အသင်းအဖွဲ့တွေလာရောက်ဖူးမြော်တယ်။အဖွဲ့အစည်းတွေဆိုတော့ တစ်ဖွဲ့ကို အနည်းဆုံး လူဦးရေ၃၀၀နဲ့ ၅၀၀ ကြားပါတယ်။ဒါကြောင့်ပြည်တွင်း ဘုရားဖူးများသလို မန္တလေးမြို့မှာ အာဆီယံအစည်းအဝေးကျင်းပခဲ့တဲ့အတွက် ပြည်ပဧည့်သည်ဝင်ရောက်မှုကလည်း များပြားပါတယ်"ဟု ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ၂၀၁၃ခုနှစ်မှစတင်ပြီးနိုင်ငံခြားသားဧည့်သည်များအတွက်ဝင်ကြေးငွေကောက်ခံခြင်းမရှိတော့ဘဲ ကင်မရာခွန်အနေဖြင့် တစ်ဒေါ်လာ(သို့)မြန်မာငွေကျပ် ၁၀၀၀နှုန်းသာကောက်ခံမှုရှိခဲ့ပြီးအရှေ့တောင်အာရှနိုင်ငံများမှအဓိက လာရောက်ကြကာကြေးရုပ်တုများနှင့်သမိုင်းဝင်ပန်းချီကားများကိုအများဆုံးလာရောက်ကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများရိုက်ကူးလေ့ရှိကြောင်းသိရသည်။

**အောင်ရဲသွင်**



## ပြည်သူ့ဈေးကြီး၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ချောက်၊ ဇန်နဝါရီ ၂၀**


ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ပြည်သူ့ဈေးကြီးတွင် ဇန်နဝါရီ ၁၂ ရက်က စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြပြီး ဇန်နဝါရီ ၁၉ရက်ဈေးပိတ်ရက်တွင်စည်ပင်သာယာရေးဝန်ထမ်းများက မြေသယ်ယာဉ်တစ်စီးဖြင့် ရေမြောင်းအတွင်းပိတ်ဆို့နေသောနုန်းမြေများ ဆယ်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်မနောဖြူလူမှုကူညီရေးအသင်းဝင်များ အင်အား ၁၆၅ ဦးခန့်ဖြင့် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

**ဦးဝင်းဌေး( ပြန်ဆက်)**




မြို့ရှာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်



# မင်းတို့တွေ တာဝန်ကျေပွန်ပါသည်

**à cif,m(½y)**

ကရင်ပြည်နယ် ဒေသကောလိပ်နှင့် ဘားအံကောလိပ် ၁၉၇၇ မှ ၁၉၉၇ ထိတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများနှင့် ဆရာ ဆရာမများကို ကျောင်းသား ကျောင်းသူဟောင်းများက အာစရိယ ဂုဏ်ကိုရည်စူး၍ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၈-၁၂-၂၀၁၄ နေ့တွင် ဘားအံတက္ကသိုလ်ခန်းမဆောင်၌ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ထူးခြားမှုကအခြား အာစရိယပူဇော်ပွဲများနှင့် မတူဘဲ ပင်စင်စားအသက် (၆၀) မပြည့်သော်လည်း၊ ဘားအံဒေသကောလိပ်နှင့် ဘားအံကောလိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဆရာများအားလုံးကို ပူဇော်ခြင်းကတော့ ထူးခြားမှုတစ်ခုဖြစ်သည်။

ကျွန်မကတော့ ၁၉၉၁ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဘားအံဒေသကောလိပ် ရူပဗေဒဌာနတွင် လက်ထောက် ကထိက (ဌာနမှူး) တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၇-၁၂-၂၀၁၄ နံနက် ၅ နာရီခွဲတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီဝင် ရန်ကုန်မှ တာဝန်ခံ ကျောင်းသား "ကိုတာ"က ကျွန်မကို သူ့ကားဖြင့် လာကြိုပါသည်။ စုရပ်အဖြစ် ရန်ကုန်တက္ကသိုလ် (ပင်မ) စာတိုက်ရှေ့တွင် ဖြစ်သည်။ ကျွန်မတို့ရောက်တော့ အဆွေတော်ကားနှစ်စီးအဆင်သင့်ရောက်နှင့်နေပြီ။ ကန်တော့ခံ ဆရာကြီးများလည်း ရောက်နေကြပြီ။

ကော့ကရိတ်မှ ကျောင်းသားဟောင်းက ၎င်းပိုင်အဆွေတော်ကားနှစ်စီးဖြင့် ဆရာကြီးများကို ဘားအံသို့ လာရောက်ခေါ်ဆောင်ပေးခြင်းဖြစ်သည်။

နံနက် ၆ နာရီခွဲတွင် ကားနှစ်စီးကျောင်းရှေ့မှ စတင်ထွက်ခွာခဲ့ပါသည်။ မကြာမီ အဆာပြေစားရန် Butter Cake နှင့် ရေသန့်တစ်ဘူးစီလိုက်ဝေပါသည်။ ရန်ကုန် နေပြည်တော်အမြန်လမ်းမှသွားသည်။ ၉ နာရီခွဲခန့်တွင် ဘောနတ်ကြီးရွာ ၃၉ မိုင်ရှိ သပြေရိပ် စားသောက်ဆိုင်တွင် နံနက်စာ စားသုံးရန်နှင့် အပေ့ါအပါးသွားရန် ခေတ္တရပ်နားခဲ့ကြပါသည်။

ဆက်လက်ထွက်ခွာခဲ့ရာ ဘုရားကြီးလမ်းစုံမှ တစ်ဆင့်ဝေါမြို့ကိုဖြတ်ခဲ့သည်။ ပဲခူးမြစ်နှင့် စစ်တောင်းမြစ်ကို ဆက်ပေးသော တူးမြောင်း (တချို့အခေါ် အဝေါ်ချောင်း) ကို ဖြတ်ပြီးသည်နှင့် စစ်တောင်းတံတားသစ်ကို ဖြတ်ကျော်ခဲ့သည်။ ကျွန်မဘားအံကောလိပ်တွင် တာဝန်ထမ်းဆောင်စဉ်က တံတားအဟောင်းပဲရှိပါသေးတယ်။ မုပ္ပလင်ကို ဖြတ်သွားတော့ ယခင်က တာဝန်ကျစဉ်က ရန်ကုန်အသွားအပြန် ခေတ္တ ခဏနားခိုရာ မော်လမြိုင်ထမင်းဆိုင်ကို ကားပေါ်မှ မျှော်ကြည့်ခဲ့မိသည်။ နှစ်ပေါင်း နှစ်ဆယ်ကျော် ဒီခရီးကို ယခုမှ ပြန်ရောက်တော့ ဘေးပတ်ဝန်းကျင်ရှိ စိမ်းလန်းစိုပြည်နေသော အုန်းတောတွေ၊ ရော်ဘာတော၊ လက်ဖက်ခြံ၊ သီဟိုဠ်ခြံတွေကြည့်ရင်း ကြည်နူးမှုကို ခံစားရသည်။ မရောက်ဖူးသေးပေမယ့် ကြားဖူးနေတဲ့ စိမ်းလဲတင်ခြံကို ကျော်ရင်တော့ ဘေးနှစ်ဖက်မှာ ဝါးနှင့်လုပ်ထားတဲ့ ဝါးကုလားထိုင်၊ ဝါးဖျာ၊ ဝါးထရံဆိုင်တွေကို တွေ့ရသည်။ စိမ်းလဲတင်အလွန်က "ဘဲလေးတရုတ်" မြန်မာတွေထမင်းဆိုင်မှာ နေ့လယ်စာ စားသုံး၊ အပေ့ါအပါးသွားကြသည်။

ခရီးဆက်လက် ထွက်ခွာခဲ့သည်။ မြိုင်ကလေးကို ရောက်ပြီး သံလွင်တံတားကို ဖြတ်တော့ ၁၉၉၁-၁၉၉၃ ခုနှစ်က ရန်ကုန်မှ ပြန်တိုင်းအချိန်အကုန်မခံနိုင်၍ စက်လှေလေးဖြင့် မြိုင်ကလေးဘက်မှ ဘားအံ ကူးခဲ့ရတာကို ပြန်ပြောင်းသတိရမိသည်။ တံတားကို ဖြတ်ပြီးတော့ တည်းခိုရာနေရာကို မပို့သေးဘဲ၊ ဆံတော်ရှင် ကျောက်ကလပ်စေတီတော်၊ ဇွဲကပင်တောင်ခြေရင်းက လုမ္ဗိနီဥယျာဉ်၊ သေဠမာရ်အောင်ဘုရားကြီး၊ ရွှေယဉ်မျှော်ဘုရားများကို ပို့ပေးသည် သာဓုခေါ်ပါသည်။

တည်းခိုမည့် GABANA Hotel ရောက်တော့ ည ၆ နာရီထိုးတော့မည်။ Hotel မှာ ဆောက်၍ မပြီးသေးပါ။ ဆရာများအတွက် တည်းခိုနိုင်ရန် တတ်နိုင်သမျှ ပြည့်စုံအောင် စီစဉ်ပေးထားသည်။ ၉၁-၉၃ ဘားအံတွင် တာဝန်ကျစဉ်က ပထမနှစ်နှင့်ဒုတိယနှစ်တွင် သင်ကြားခဲ့ရသည့် ကျောင်းသူလေးပိုင် Hotel ဖြစ်နေသည်။

**ပင်စင်စားအသက် (၆၀) မပြည့်သော်လည်း ဘားအံဒေသကောလိပ်နှင့် ဘားအံကောလိပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဆရာများအားလုံးကို ပူဇော်ခြင်းကတော့ ထူးခြားမှုတစ်ခုဖြစ်. . . .**

၂၈-၁၂-၂၀၁၄ နံနက်မှာတော့ Hotel မှာ နံနက်စာစားပြီး ကားနှစ်စီးဖြင့် ဘားအံတက္ကသိုလ်ကိုရောက်ခဲ့သည်။ ကျောင်းသား ကျောင်းသူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။ ၉၁-၉၃ မှာ ကျောင်းသား သန်းမျိုးနိုင် (ကထိက၊ သထုံကွန်ပျူတာတက္ကသိုလ်)က လာရောက်နှုတ်ဆက်သီးသန့်ကန်တော့ပါသေးသည်။ တက္ကသိုလ် ဆရာဖြစ်နေသည့် တပည့်ဟောင်းအတွက် ဂုဏ်ယူမိသည်။ ၉၁-၉၃ တုန်းက နှစ်နှစ်တာဝန်ကျစဉ် ရူပဗေဒ ကျောင်းသား ၁၂ ယောက်ပဲ စာသင်ခဲ့ရသည်။


ဆရာများနေရာယူပြီးသည်နှင့် အခမ်းအနားစတင်သည်။ ကျွန်မတာဝန်ကျစဉ်က ကျောင်းအုပ်ဆရာကြီးကိုလည်း ကျန်းမာစွာတွေ့ရသည့်အတွက် ဝမ်းသာရပါသည်။ ခန်းမအပြည့် ကျောင်းသား ကျောင်းသူဟောင်းများကို တွေ့ရသည်။ ကန်တော့မည့် ကျောင်းသားဟောင်းများကိုယ်စား ဝမ်းသာစရာ ရင်တွင်းစကားပြောကြားသည်။ မာန်မာနမရှိဘဲ ကျောင်းသားဟောင်းအနေနှင့် လာရောက်ကန်တော့သည့်အတွက် အံ့သြဂုဏ်ယူမိသည်။ကိုယ်တိုင်ကိုယ်ကျ မလာရောက်နိုင်သော်လည်း အဝေးမှ ကန်တော့ငွေများထည့်ဝင်သူအားလုံးကိုလည်း ဆရာများကိုယ်စား ကျေးဇူးတင်ကြောင်း ပြောကြားပါသည်။

ညစာ Dinner ကိုတော့ ကန်သာဦးခန်းမမှာကျင်းပသည်။ ကျွန်မဘားအံမှာ တာဝန်ကျစဉ်က မရှိသေးပါ။ ကျောင်းသားဟောင်းများက သီချင်းများဖြင့် သီဆိုဖျော်ဖြေသည်။ ကျွန်မတို့လက်ထက်က ငွေစာရင်းမှူးကိုယ်တိုင် ကရင်ရိုးရာ သီချင်းဖြင့် အဖွဲ့လိုက် သီဆိုကခုန်ကြတာကတော့ ကြည်နူးစရာ မြင်ကွင်းပါ။

၂၉-၁၂-၂၀၁၄ နံနက် ၁၁ နာရီတွင် ဟိုတယ်မှကားနှစ်စီးဖြင့် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ Hotel ပိုင်ရှင် ကျောင်းသူလေးကလည်း ကျွန်မကို အမှတ်တရ ကန်တော့သေးသည်။

ဘားအံမြို့အထွက်က စားသောက်ဆိုင်တွင် နံနက်စာစားပြီး ရန်ကုန်မြို့ကို ထွက်ခဲ့ရာ ညနေ ၈ နာရီတွင် ရန်ကုန်တက္ကသိုလ်ရှေ့ကို ရောက်ရှိခဲ့ပါသည်။ အပြန်တွင်လည်း ကျွန်မကို "ကိုတာ"ကပင် အိမ်အထိ လိုက်ပို့ခဲ့ပါသည်။ ရန်ကုန်မှ ဘားအံ၊ ဘားအံမှ ရန်ကုန်ခရီးတစ်လျှောက်၊ ဆရာများအတွက် အစားအသောက်စရိတ်ကိုလည်း ကျောင်းသားဟောင်းတစ်ယောက်က တာဝန်ယူသည်ဟု သိရသည်။ ဆရာများကိုယ်စား ကျေးဇူးတင်ပါသည်။


၂၇-၁၂-၂၀၁၄ နံနက် ၆ နာရီခွဲ ရန်ကုန်မှ ဘားအံသို့ ခရီးထွက်ခွာခဲ့ရပြီး ၂၉-၁၂-၂၀၁၄ ည ၈ နာရီ ရန်ကုန်ပြန်ရောက်သည့်အထိ သွားလာရေးအတွက် ကားစီစဉ်ပေးသော ကော့ကရိတ်မှ ကျောင်းသား (အဆွေတော်ကားပိုင်ရှင်)အား လည်းကောင်း၊ အသွား၊ အပြန်ခရီးတွင် ဆရာများအတွက် အစားအသောက် တာဝန်ယူပေးသော ကျောင်းသားအားလည်းကောင်း၊ ဟိုတယ်မပြီးသေးသော်လည်း တည်းခိုခွင့်ပြုသည့် ကျောင်းသူလေးအားလည်းကောင်း၊ ဆရာကန်တော့ပွဲအတွက် ငွေကြေးများထည့်ဝင်ပေးသော ကျောင်းသား ကျောင်းသူဟောင်းများအားလည်းကောင်း၊ အစစအဆင်ပြေအောင် ငွေအား၊ ကာယအားများဖြင့် စိုက်ထုတ်ကူညီပေးကြသော ၁၉၇၇မှ ၁၉၉၇ အထိ ကရင်ပြည်နယ် ကျောင်းသား ကျောင်းသူဟောင်းများ (မင်းတို့တွေ) အားလုံးကို ဆရာများကိုယ်စား ကျေးဇူးအထူးတင်ကြောင်း ပြောကြားလိုပါသည်။ နှစ်ပေါင်း ၂၀ ကျော် ကွဲကွာနေပြီးမှ ပြန်လည်ဆုံတွေ့ရတဲ့ ဆရာ ဆရာများကိုယ်စား မင်းတို့တွေကို ကျေးဇူးအထူးတင်မိပါသည်။ ဘဝတစ်သက်တာ အတွက် ထာဝရအမှတ်ရနေမှာပါ။ ။






**ပျောက်ဆုံးကြောင်း** ကျွန်တော်နေကို (C.D.C-50823)၏ G.O.C (နံပါတ်မမှတ်မိ) စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၉-၅၄၁၄၄၈၁

**သင့်သွေးဖြင့် အသက်ကယ်ပါ**





## လင်မယားကွာရှင်းပြတ်စဲကြောင်းကြေညာချက်

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ဇေယျာမွန်(၁)လမ်းနေ ဒေါ်သော်သော်ဝင်း[၁၀/ကထန(နိုင်)၀၇၉၆၃၅]၏ ညွှန်ကြားချက်အရ ကျွန်ုပ်၏မိတ်ဆွေဒေါ်သော်သော်ဝင်းနှင့် ဦးထက်နေအောင်တို့သည် လင်မယားအဖြစ်မှ ဆရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဦးထက်နေအောင်နှင့် ၂၅-၆-၂၀၀၅ရက်က လက်ထပ်ပေါင်းသင်းခဲ့ရာ လက်ထပ်ပြီးနောက် ဦးထက်နေအောင်က ကျွန်ုပ်၏မိတ်ဆွေ(ဇနီးဖြစ်သူ)၏အိမ်တွင် လိုက်ပါနေထိုင်ခဲ့ပြီး နောက်ပိုင်းတွင် သင်္ဘောသားအလုပ်ကို လုပ်ကိုင်ခဲ့သော်လည်း လစဉ်ထောက်ပံ့ခြင်း မရှိဘဲကာလကြာရှည်စွာစွန့်ပစ်ထားခဲ့သဖြင့် မိမိအမည်ဖြင့်ဝယ်ယူထားသော ကျိုက်ထိုမြို့၊ ဇေယျာမွန်ရပ်ကွက်ရှိ ပေ (၄၀×၆၀) မြေကွက်အား ရောင်းချခဲ့ရပါသည်။ သားသမီးထွန်းကားခြင်း မရှိခဲ့သဖြင့် အားလပ်ချိန်များတွင် ကွန်ပျူတာသင်တန်းတက်ခြင်း၊ ကျန်းမာရေးအတွက် သင်တန်းဖော်များနှင့် ရေကူးခြင်းပြုမှုတို့အပေါ် ခင်ပွန်းအားစိတ်ဆင်းရဲအောင် ရက်စက်မှုကျူးလွန်သည်ဟူသော စွဲချက်ဖြင့် သက်ဆိုင်ရာ ကျိုက်ထိုမြို့နယ်တရားရုံးတွင် လင်မယားကွာရှင်းလိုမှု လျှောက်ထားခြင်းကို ရုံးတော်မှကွာရှင်းပြတ်စဲခွင့်အမိန့်ချမှတ်ပြီး ဖြစ်ပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သော်သော်ဝင်းနှင့် ဦးထက်နေအောင်တို့သည် လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘမော် **(B.Sc, R.L, D.A, D.M.A, D.B.L, D.A.Psy.)**

**W.I.P.O.(D.L.101) (Switzerland)**

တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၂၈)နှင့် ကုမ္ပဏီများအကြံပေး

တိုက်(ကေ)၊ အခန်း(၄၀၅)၊ မနော်ဟရီရိပ်သာ၊ ဗဟိုလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၂၈၇၆၅၊ ၀၉၅၁၂၇၁၀၄


## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၄၉**

| | | |
|---|---|---|
| ဒေါ်ခင်ခင်အေး<br>[အမှတ်(၁၃၀)၊ ဗညားဒလလမ်းမကြီး၊<br>(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး] | နှင့် | ၁။ ဦးကြီးငွေ<br>၂။ ဒေါ်ကြင်စိန်(ခ)ဒေါ်စန်းတင့်<br>၃။ ဒေါ်ခင်ခင်ဝင်း<br>[အမှတ်(၃၃၅)၊ မေယု(၁)လမ်း၊<br>(၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)<br>မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး] |
| တရားလို | | တရားပြိုင်များ |

အမှတ်(၃၃၅)၊ မေယု(၁)လမ်း၊ (၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေ တရားပြိုင်(၁၊ ၂၊ ၃) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဖြစ်သူ ဒေါ်ခင်ခင်အေးမှ "ကျူးကျော်ဝင်ရောက်နေထိုင်သူများအားဖယ်ရှား၍ မြေကွက်ပြန်လည်လက်ရောက်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက် (၁၃၇၆ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၅ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဉမ္မာတင်)

ဒုတိယခရိုင်တရားသူကြီး(၁)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်နေ ဒေါ်မြမြဝင်း၏သား မောင်အောင်ဇော်ထွန်း [၁၂/မဂဒ(နိုင်)၁၆၄၄၇၂]သည် မိခင်ကြီးအား ငဲ့ကွက်ခြင်းမရှိဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခြင်း၊ ပြောဆိုဆုံးမမှုကို လိုက်နာမှုမရှိဘဲ မိမိဆန္ဒအတိုင်း ပြုလုပ်သွားပါ၍ ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်မြမြဝင်း(မိခင်)**

# "ဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်"

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၅)ဖြင့် "သီရိသုဓမ္မမဏိဇောတဓရ (လူမှုထူးချွန် ဒုတိယဆင့်) ဦးကိုကိုအေး" (အုပ်ချုပ်မှုဒါရိုက်တာ၊ [illegible]ကုမ္ပဏီလီမိတက်)အား ၂၀၁၅ခုနှစ်၊ (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် "အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ" ဘွဲ့တံဆိပ် အပ်နှင်းခြင်းခံရသည့်အတွက် အထူးပင်လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း မြတ်ဆုမွန်တောင်း ဂုဏ်ပြုအပ်ပါသည်။

အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ
အောင်ကြိုးကုမ္ပဏီများအုပ်စု


MYANMAR SEARCH INT'L

Westminster International College [illegible]

MSI [illegible]

Westminster

[illegible]

MSI No. 23A, 2nd floor (Right), Shwe Gon Tha (Middle Block), Pabedan Township, Yangon.
09-5103916, 01-389915, 01-250929
www.msieducation.com


## အသင့်နေ တိုက်ခန်း ရောင်းမည်

တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်ရေတွင်းလမ်း ပေ(၁၅×၆၀)ရှိ တတိယထပ် RCခန်း၊ ကိုယ်ပိုင်ရေ၊ မီး အစုံ။

ဖုန်း-၀၉-၅၁၅၇၃၈၅


[illegible]

ရန်ကုန်ဘဒွေ


## " ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက် "

[illegible] Developers Entrepreneurs Liaison Construction Organizers Limited. ( DELCO ) [illegible]

DELCO

( IV-[illegible]/ ၂၀၁၄ )  ( IV-[illegible]/ ၂၀၁၄ )

[illegible] " DELCO " [illegible] Developers Entrepreneurs Liaison Construction Organizers Limited. ( DELCO ) သည် -

(၁) DELCO ( IV-[illegible]/ ၂၀၁၄ ) [illegible] ( Circuit ) [illegible]

(၂) DELCO ( IV-[illegible]/ ၂၀၁၄ ) [illegible]

[illegible]

YE NOOS & ASSOCIATES (Law Firm)

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

[illegible]

## ကြော်ငြာစာ

